ဗိုလ်သန့်ဘုရားတော်

၆၄

ပဒေါင်းဆရာတော်ဘုရားကြီး၏ ဥပဒ္ဓါယ်တပည့်

ရွှေတောင်မြို့၊

ဆရာတော်- ဦးတိက္ခိန္ဒြိယ၏ တပည့်

ဆရာတော် ဦးတိက္ခ အာရုဏ်သူဖြာတဲ့

ဟောကြားအပ်သော

ဝိပဿနာတရားဖတ်စာ II

★ ★ ★

(ပဌမအကြိမ်)

၁၀၀၀။

၁၉၉၁-ခုနှစ် သီတင်းကျွတ်လ။

ကွယ်လွန်သူ- ဒေါ်ကျင်လုကို ရည်ဦးမြှင့်

ဒေါက်ဟာ ဦးမှူးကားဒီးမှူး။

(ဆရာတော် ဦးဝိစိတ္တ အစ္စာဆရာပြုစီမံ)

အမျိုးသားဘလောက်တိုက်မှ ဘလောက်လွှဲဒိန်းပါသည်။

ဒိပသနာဘာဝနာကျောင်းတော်ကြီး။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပရမတ် ပညတ် ၂-ပါး။

"ဝိပဿနာ တရားကို ဟောကြားပါ" ဟု လျှောက်ထားအပ်သည့်အတိုင်း ဝိပဿနာတရားကို ဟောကြားမယ်။

ဝိပဿနာ တရားကို ပွားများလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ-

ပရမတ်,
ပညတ်,

တရားတို့ကို ခွဲခြားရ သိရမယ်။

ပရမတ် တရားလေးပါး-

စိတ်,
ဖေတသိက်,
ရုပ်,
နိဗ္ဗာန်။

ပညတ်သည် -

နာမ ပညတ်,
အတ္ထ ပညတ်,
} လို့ နှစ်မျိုး။

အမည် အမျိုးမျိုးသည် နာမပညတ်။
အတ္ထပညတ်သည် -
သဏ္ဌာနပညတ်။
သမူဟပညတ်။
အဘာဝပညတ်။
ပုဂ္ဂလပညတ်။
ဒိသာပညတ်။
ကာလပညတ်။
စသောအားဖြင့် များသောအပြားရှိတယ်။

နာမပညတ်ဆိုတာ အမည်ပညတ်ပါဘဲ။
အတ္ထပညတ်ဆိုတာ အနက်ပညတ်ပါဘဲ။
ထင်ရှားရှိတဲ့တရားသည် ပရမတ်တရား။
ထင်ရှားမရှိတဲ့တရားသည် ပညတ်တရား။
မရှိပညတ်, ရှိပရမတ်, နှစ်ပါးဟူ၍မူတ်။

ဒီပစ္စည်းကို ကြည့်စမ်းပါ၊ ဒီသဏ္ဌာန်, ဒီအခြင်းအရာကိုစဲလို့ လောကမှာ နာရီလို့ သမုတ်တယ်၊ ပညတ်တယ်။

မေး။ ဒီအဝိုင်းသဏ္ဌာန် သဏ္ဌာန ပညတ်သည်မရှိ၊ မရှိတာကို အမှန်ပြုလျှင် ပရမတ် ဖြစ်မလား။
ဖြေ။ မဖြစ်ပါဘုရား။
မေး။ မရှိပညတ်ကို အမှန်ကြိတ်လျှင် ပရမတ် ထုတ်မလား။
ဖြေ။ မထုတ်ပါဘုရား။

ပရမတ်တရားကို ပညတ်နည်းဖြင့် ရှာလို့မရ၊ ပရမတ် တရားကို ဉာဏ်ဖြင့်ရှာရမယ်၊ ဉာဏ်ဖြင့်ရှာမှရမယ်။

ဝိပဿနာ တရားတော်။

အပူ - တေဇော သဏ္ဌာနပညတ်မှ လွတ်ပုံ။

မေး။ ဒါယကာကြီးတို့၏ ခန္ဓာမှာ နဖူးလို့ ခေါ်ဆိုအပ်သော နေရာကိုစမ်းကြည့်ပါ၊ ဘာတွေ့သလဲ။

ဖြေ။ ပူတာကို တွေ့ပါတယ်ဘုရား။

အဲဒီ ပူတဲ့သဘော ပူတဲ့ သတ္တိကို ပါဠိလိုတေဇော၊ ဗမာလို့ တော့ ပူတာဘဲဟု သမုတ်တယ်။

မေး။ စဉ်းစားကြည့်၊ အဲဒီပူတာ အလုံးလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အလုံးမဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး။ ပူတာ အမှုန့်ကလေးလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အမှုန့်ကလေးမဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး။ ပူတာမှာ အလုံး၊ အဝိုင်း၊ အရှည်၊အတို၊အပြား၊ သဏ္ဌာန် ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။

ဖြေ။ ပူတာရှိပါတယ်ဘုရား။

မေး။ စမ်းကြည့်တော့ ပူတာကိုတွေ့သလား၊ သဏ္ဌာန်ကို တွေ့ သလား။

ဖြေ။ ပူတာကို တွေ့ပါတယ်ဘုရား။

မေး။ ဒါဖြင့် ပူတာရှိသလား၊ သဏ္ဌာန်ရှိသလား။

၄ ဝိပဿနာ တရားတော်။

ဖြေ။ ပူတာ ရှိပါတယ်ဘုရား။

မရှိတဲ့သက္ကာနိ သက္ကာနုပညတ် ရှိတဲ့ ပူတဲ့ သဘော ပရမတ်၊ မရှိပညတ်၊ ရှိပရမတ် နှစ်ပါးဟူ၍မှတ်။

မေး။ ဒါဖြင့်- ပူတာသည် သက္ကာနုပညတ်မှ အသီးမလွတ် ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

အပူ- တေဇော နာမပညတ်မှ လွတ်ပုံ။

မေး။ ပူတယ်ဆိုတဲ့ အမည်၊ တေဇောဆိုတဲ့ အမည်၊ အမည်က ပူသလား။

ဖြေ။ မပူပါဘုရား။

မေး။ အမည်က မပူလျှင် ဘာကပူသလဲ။

ဖြေ။ ပူတာက ပူပါတယ်ဘုရား။

မေး။ ပူတာ အမည်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး။ ပူတာမှာ အမည်ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ အမည်မရှိလျှင် ဘာရှိသလဲ။

ဖြေ။ ပူတာ ရှိပါတယ်ဘုရား။

မေး။ စမ်းကြည့်တော့ အမည်ကို တွေ့သလား၊ ပူတာကို တွေ့သလား။

ဖြေ။ ပူတာကို တွေ့ပါတယ်။

မေး။ ဒါဖြင့်- အမည် ထင်ရှား ရှိသလား၊ ပုဏ္ဏာထင်ရှား ရှိသလား။

ဖြေ။ ပုဏ္ဏာထင်ရှား ရှိပါတယ်ဘုရား။

မရှိတဲ့ အမည်နာမပညတ်၊ ရှိတဲ့ ပုဏ္ဏဲ့ သဘော ပရမတ်၊ မရှိပညတ်၊ ရှိပရမတ် နှစ်ပါးဟူ၍မှတ်။

မေး။ ဒါဖြင့် ပုဏ္ဏာသည် နာမပညတ်မှ အသီးမလွတ်ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

အပူတေဇော အဘာဝပညတ်မှ လွတ်ပုံ။

မေး။ အမည်သဏ္ဌာန်မရှိလျှင် ဘာမျှမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဘာရှိသလဲ။

ဖြေ။ ပုဏ္ဏာရှိပါတယ်ဘုရား။

မေး။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှ အသီးမလွတ်ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

မေး။ ကိုယ်နှုတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

ဖြေ။ သူ့သဘောက လွတ်တာပါဘုရား။

ဤသို့ ပညတ်သုံးပါးမှ ထုတ်နှုတ်၍ အပူတေဇော ပရမတ်၏ ဟုတ်မှန်သော သဘောကိုပိုင်းခြားရ၍ သိခြင်းသည် ဉာဏပရိညာ။

တည်ရာ - ပထဝီ သဏ္ဌာနပညတ်မှ လွတ်ပုံ။

မေး။ ဒီနာရီကို ဒီလိုမြောက်၍ ကိုင်ထားရာမှ လွတ်လိုက်လျှင် ဒီအဖိုင်း တည်ပါ့မလား။

ဖြေ။ မတည်ပါ၊ အောက်သို့ ကျသွားပါမည်ဘုရား။
မေး။ ဘာကြောင့် မတည်သလဲ။
ဖြေ။ တည်ရာမရှိလို့ပါဘုရား။
မေး။ ဒီနာရီကို ဒီတရားဟော ပလ္လင်ပေါ်မှာ တင်ထားလျှင် တင်ထားတဲ့အတိုင်း မတည်နိုင်ဘူးလား။
ဖြေ။ တည်နိုင်ပါတယ်ဘုရား။
မေး။ ဘာကြောင့် တည်နိုင်သလဲ။
ဖြေ။ တည်ရာရှိလို့ပါဘုရား။
မေး။ ထို့အတူ ပူတာသည် တည်ရာမရှိလျှင် မိမိ၏ပူတဲ့သတ္တိဖြင့် တည်နိုင်ပါ့မလား။
ဖြေ။ မတည်နိုင်ပါဘုရား။
မေး။ ဒါဖြင့် ပူတာရှိလျှင် ၎င်းနေရာ၌ ပူတာ၏တည်ရာသဘော မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
အတူဖြစ်သော ရုပ်တို့၏တည်ရာသဘောသည် ပထဝီဓါတ်။

မေး။ ပူတာသည် အမှုန့်မှာတည်သလား။
ဖြေ။ မတည်ပါဘုရား။
မေး။ အမှုန့်မှာမတည်လျှင် ဘာမှာတည်သလဲ။
ဖြေ။ တည်ရာမှာ တည်ပါတယ်ဘုရား။
မေး။ အမှုန့်သည် တည်ရာ ပထဝီဓာတ်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ တည်ရာ ပထဝီဓာတ်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ။ သဏ္ဌာန်ပညတ် ဟုတ်ပါတယ်ဘုရား။

မေး။ တည်ရာသည် အမှုန့်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ အမှုန့်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ။ တည်ရာဟုတ်ပါတယ်ဘုရား။
မေး။ တည်ရာသည် အလုံး၊ အဝိုင်း၊အရှည်၊အတို၊အပြား၊ အမှုန် အမှဲ့ား သဏ္ဌာန်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ သဏ္ဌာန်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ။ တည်ရာဟုတ်ပါတယ်ဘုရား။
မေး။ တည်ရာမှာ သဏ္ဌာန်ရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။
ဖြေ။ တည်ရာရှိပါတယ်ဘုရား။
မေး။ အမှုန့်, အမှဲ့ား, အလုံး, အဝိုင်း, အရှည်, အတို, အပြား, ထင်ရှားရှိသလား၊ တည်ရာထင်ရှားရှိသလား။
ဖြေ။ တည်ရာထင်ရှား ရှိပါတယ်ဘုရား။
မရှိတဲ့သဏ္ဌာန်၊ သဏ္ဌာနပညတ်၊ ရှိတဲ့တည်ရာသဘောပရမတ်၊ မရှိပညတ်, ရှိပရမတ် နှစ်ပါးဟူ၍မှတ်။
မေး။ ဒါဖြင့်- တည်ရာသည် သဏ္ဌာနပညတ်မှ အသီး မလွတ်ဘူးလား။
ဖြေ။ လွတ်ပါတယ်ဘုရား။
မေး။ ကိုယ်နှုတ်လို့ လွတ်သလား၊ သူ့ သဘောက လွတ်တာလား။
ဖြေ။ သူ့သဘောက လွတ်တာပါဘုရား။

ဝိပဿနာ တရားတော်။

တည်ရာ - ပထဝီ နာမပညတ်မှ လွတ်ပုံ။

မေး။ တည်ရာသဘောသည် အမည်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ။ တည်ရာသဘောဟုတ်ပါတယ်ဘုရား။
မေး။ တည်ရာသဘောမှာ အမည်ရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ အမည်မရှိလျှင် ဘာရှိသလဲ။
ဖြေ။ တည်ရာသဘော ရှိပါတယ်ဘုရား။
မေး။ ဥတ္တရသည် ပထဝီဆိုတဲ့အမည်၊ တည်ရာဆိုတဲ့အမည်မှာ တည်သလား။
ဖြေ။ မတည်ပါဘုရား။
မေး။ အမည်မှာ မတည်လျှင် ဘယ်မှာတည်သလဲ။
ဖြေ။ တည်ရာသဘောမှာ တည်ပါတယ်ဘုရား။
မေး။ ဒါဖြင့် အမည်ထင်ရှားရှိသလား၊ တည်ရာသဘော ထင်ရှား ရှိလား။
ဖြေ။ တည်ရာသဘော ထင်ရှားရှိပါတယ်ဘုရား။

မရှိတဲ့ အမည်နာမပညတ်, ရှိတဲ့ တည်သဘောပရမတ်၊ မရှိပညတ်, ရှိပရမတ် နှစ်ပါးဟူ၍မှတ်။

မေး။ ဒါဖြင့် တည်ရာသည် နာမပညတ်မှ အသီးမလွတ် ဘူးလား။
ဖြေ။ လွတ်ပါတယ်ဘုရား။

မေး။ ကိုယ်နှုတ်လို့လုတ်တာလား၊ သူ့သဘောက လုတ်တာလား။

ဖြေ။ သူ့သဘောက လုတ်တာပါဘုရား။

တည်ရာ - ပထဝီ အဘာဝပညတ်မှ လုတ်ပုံ။

မေး။ အမည်သဏ္ဌာန်မှ မရှိလျှင် ဘာမျှမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဘာရှိသလဲ။

ဖြေ။ တည်ရာသဘော ရှိပါတယ်ဘုရား။

မေး။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှအသီးမလုတ်ဘူးလား။

ဖြေ။ လုတ်ပါတယ်ဘုရား။

ဤသို့ပညတ်သုံးပါးမှ ထုတ်နုတ်၍ တည်ရာသဘော ပထဝီဓါတ်၏ ဟုတ်မှန်သော သဘောကို ပိုင်းခြားလျှင် သိခြင်းသည် ဥာတပရိညာ။

ကြွင်းသော ရုပ်တို့၌လည်း ၎င်းနည်းအတိုင်း ပညတ်သုံးပါးမှ ထုတ်နုတ်၍ သိကြလေ။

တွန်းကန် - ဝါယော ပညတ်သုံးပါးမှ လုတ်ပုံ။

မေး။ ၎င်းအပူနေရာ၌ တွန်းကန်ထားတတ်သော သတ္တိတခု မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

တွန်းကန်တဲ့သဘော ဝါယောဓါတ်။

မေး။ တွန်းတာသဏ္ဌာန်လား။

ဖြေ။ မဟုတ်ပါဘုရား။
မေး။ တွန်းတာ အမည်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ တွန်းတာ ဘာမျှမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ဘာရှိသလဲ။
ဖြေ။ တွန်းကန်တတ်သော သဘောသတ္တိ ရှိပါတယ်ဘုရား။

ဖွဲ့ကပ် - အာပေါ ပညတ်သုံးပါးမှ လွတ်ပုံ။

မေး။ စက္ကူ သုံးချပ်ထပ်ထား၊ အပေါ် စက္ကူ တချပ် ယူလျှင် အောက်နှစ်ချပ် ပါမလား။
ဖြေ။ မပါပါဘုရား။
မေး။ စက္ကူသုံးချပ် ကော်သုတ်ပြီးထပ်ကပ်၊ အပေါ်စက္ကူ တချပ်ယူလျှင် အောက်နှစ်ချပ် ကျန်ရစ်မလား။
ဖြေ။ မကျန်ရစ်ပါဘုရား။
မေး။ ဘာကြောင့် မကျန်ရစ်သလဲ။
ဖြေ။ ကော်ကပ်ထားလို့ ပါဘုရား။
မေး။ ပူတာဟိုဘက်ရွှေ့၊ တည်ရာအလယ်မှာထား၊ တွန်းတာ ဒီဘက်ပြောင်း တခုစီခဲ့လို့ ရသလား။
ဖြေ။ မရပါဘုရား။
မေး။ ဒါဖြင့်လျှင် ၎င်းနေရာ၌ ခဲ့လို့ မရအောင် ဖွဲ့ကပ်ထားတတ်သော သတ္တိတခုမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။

အတူဖြစ်သောရုပ်တို့ကိုကပ်တတ်သောသဘော အာပေါဓါတ်။

မေး။ ကပ်တာ သက္ကာန်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ ကပ်တာ အမည်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ ကပ်တာ ဘာမျှမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ဘာရှိသလဲ။
ဖြေ။ ကပ်တဲ့သဘောသတ္တိ ရှိပါတယ်ဘုရား။

အဆင်း - ဝတ္ထု ပညတ်သုံးပါးမှ လွတ်ပုံ။

မေး။ ၎င်းအပူနေရာ၌ ထိုမဟာဘုတ်လေးပါးကိုမှီတွယ်၍ မျက်စိ အကြည်၌ ထိခိုက်တတ်သောသဘောတခု မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။

မျက်စိအကြည်၌ ထိခိုက်တတ်သော သဘောသည် အဆင်း ဝတ္ထုခါတ်၊ အဆင်းလို့ ဆိုသဖြင့် မျက်စိအကြည်၌ ထိခိုက်ဘတ် သော သဘောလို့ သိပါ။

မေး။ အဆင်းသည် သက္ကာန်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ အဆင်းသည် အမည်လား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ အဆင်းသည် ဘာမျှမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ဘာရှိသလဲ။
ဖြေ။ အဆင်းသဘော သတ္တိရှိပါတယ် ဘုရား။

အနုံ - ဂန္ဓ ပညတ် သုံးပါးမှ လွှတ်ပုံ။

မေး။ ဂုဏ်းအပူနေရာ၌၊ နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောတခု မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောသည် အနုံဂန္ဓဓါတ်၊ အနုံလို့ဆိုသဖြင့် နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောကိုသိပါ။

မေး။ အနုံသည် သင်္ကာန်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အနုံသည် ဘာမျှမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဘာရှိသလဲ။

ဖြေ။ အနုံသဘောသတ္တိ ရှိပါတယ်ဘုရား။

အရသာ - ရသဓါတ် ပညတ်သုံးပါးမှ လွှတ်ပုံ။

မေး။ ဂုဏ်း အပူနေရာ၌ လျှာ အကြည်၌ ထိခိုက်တတ်သော ဘသောတခုမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

လျှာအကြည်၌ ထိခိုက်တတ်သော သဘောသည် အရသာရသဓါတ်၊ အရသာလို့ဆိုသဖြင့် လျှာအကြည်၌ထိခိုက်တတ်သော သဘောကိုသိပါ။

မေး။ အရသာသည် သင်္ကာန်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အရဿာသည် အမည်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အရဿာသည် ဘာမျှမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဘာရှိသလဲ။

ဖြေ။ အရဿာသဘောသတ္တိ ရှိပါတယ်ဘုရား။

ဩဇာခေတ် ပညတ်သုံးပါးမှ ကွဲတ်ပုံ။

မေး။ ဂင်းအပူနေရာ၌ အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေတာ်သော သဘောတခု မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေတတ်သော သဘောသည် ဩဇာခေတ်၊ ဩဇာလို့ဆိုသဖြင့် အာဟာရဇရုပ်တို့ကို ပွားစေတတ်သော သဘောကိုသိပါ။

မေး။ ဩဇာသည် သဏ္ဌာန်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဩဇာသည် အမည်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဩဇာသည် ဘာမျှမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဘာရှိသလဲ။

ဖြေ။ ဩဇာသဘောသတ္တိ ရှိပါတယ်ဘုရား။

ဝိပဿနာ တရားတော်။

အကျဉ်းနည်း ရုပ်ရှစ်ပါး။

ပူတာ, တည်ရာ, တွန်းတာ, ကပ်တာ, အဆင်း, အနံ့, အရသာ, သြဇာ။

အဝိုဒ္ဓေဿဝက, အဋ္ဌကလာပ်မည်ပုံနှင့် ရုပ်မှန်မရှိပုံ။

မေး။ ထိုရှစ်ပါးသော ရုပ်တို့ကို အသေးအသိုးခွဲစိပ်၍ ရကောင်းသလား။

ဖြေ။ မရကောင်းပါဘုရား။

အသိုးအသိုးခွဲစိပ်၍ မရကောင်းသောကြောင့် အဝိုဒ္ဓေဿဝက ရုပ်မည်၏။ တပေါင်းတည်းဖြစ်လို့ ကလာပ်ရုပ်ရှစ်ပါး အပေါင်း အစည်းတခုသည် အဋ္ဌကလာပ်တခု။

မေး။ ရုပ်တခုတခုသည် အမှုန့်ဟုတ်သလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ရုပ်ရှစ်ခု အပေါင်းသည် အမှုန့်ဖြစ်သလား။

ဖြေ။ မဖြစ်ပါဘုရား။

မေး။ ကလာပ်တခုသည် အမှုန့်ဟုတ်သလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဒါဖြင့် ကလာပ်မှုန့်ရှိသလား။

ဖြေ။ မရှိပါဘုရား။

ဒိဋ္ဌဝိသုဒ္ဓိ, ရူပပရိစ္ဆေဒဉာဏ်, ဥာတပရိညာတို့ဖြစ်လာပုံ။

မေး။ ဟိုဘက်ရှေ့စမ်း၊ ပူတာတခု မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ပူတာရှိလျှင် ကြွင်းတဲ့ရုပ် ခုနစ်ပါးမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

ရုပ်ရှစ်ပါး ကလာပ်တခု။

မေး။ ကလာပ်နှစ်ခုရှိလျှင် အကြားခြံ ပိုင်းခြားမှု မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ရုပ်ကလာပ် တခုနှင့် တခုအကြား ပိုင်းခြားမှုတခု ရုပ်ကလာပ် တခုနှင့်တခုအကြား ပိုင်းခြားမှုတခုနှင့်ရုပ်ကလာပ် တွေစပ်မနေဘူးလား။

ဖြေ။ စပ်နေပါတယ်ဘုရား။

မေး။ နဖူးပြင်လို့ခေါ်ဆိုအပ်သည်ကို ကုန်အောင်လျှောက်စမ်း၊ ရုပ်ကလာပ်တွေ အနှံ့အပြား စပ်မနေဘူးလား။

ဖြေ။ စပ်နေပါတယ်ဘုရား။

မေး။ ရုပ်ရှစ်ပါးတွေစပ်နေတာ နဖူးလို့ မခေါ်ဘူးလား။

ဖြေ။ ခေါ်ပါတယ်ဘုရား။

မေး။ ကလာပ်တခု အမှုန့်ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ ကလာပ်ပေါင်း မြောက်များစွာ စပ်တော့ အမှုန့် ဖြစ်မလား။

ဖြေ။ မဖြစ်ပါဘုရား။

မေး။ သူညတကုဋ္ဌေပေါင်းလျှင် ဘာအဖြေထွက်မလဲ။

ဖြေ။ သူညပါဘဲဘုရား။

မေး။ ကလာပ်တခုအမှုန့်မရှိ (သူည) ကလာပ်ကုဋ္ဌေမကစုတော့ အမှုန့်ရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ အမှုန့်မျှမရှိလျှင် နဖူးပြင်အလုံး သဏ္ဌာန်ရှိမလား။
ဖြေ။ မရှိပါဘုရား။
မေး။ နဖူးလား၊ ရုပ်ကလာပ်တွေ့ စပ်နေတာလား။
ဖြေ။ ရုပ်ကလာပ်တွေ့ စပ်နေတာပါဘုရား။
မေး။ သဘော်တူကိုပေါင်း၍ နဖူးလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ ဦးခေါင်းလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ လက်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ ကိုယ်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ ခြေလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ အင်္ဂါကြီးငယ်အပေါင်း လူလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ ယောကျ်ားလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ မိန်းမလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ နတ်ဗြဟ္မာလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ အပါယ်လေးဘုံသူ-လေးဘုံသားလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။

မေး။ သတ္တဝါလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ အသက်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ တော့, တောင်, ရေ, မြေ, သမုဒ္ဒရာလား၊ ရုပ်ရှစ်ပါးလား။
ဖြေ။ ရုပ်ရှစ်ပါးပါဘုရား။
မေး။ ယခုဖြစ်ပေါ်တဲ့ ရုပ်တရားမှာ လူ, နတ်, ဗြဟ္မာ, သတ္တဝါ, အသက်မရှိ၊ အတိတ်ကရုပ်တရားမှာကော လူ, နတ်, ဗြဟ္မာ, သတ္တဝါ, အသက်ရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ အနာဂတ်ရုပ်တရားမှာကော လူ, နတ်, ဗြဟ္မာ, သတ္တဝါ, အသက်ရှိမလား။
ဖြေ။ မရှိပါဘုရား။
မေး။ လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ယောကျ်ား, မိန်းမ, အသက်, လိပ်ပြာမှုမရှိလျှင် အတ္တလား၊ အနတ္တလား။
ဖြေ။ အနတ္တပါဘုရား။
မေး။ အနတ္တကိုမြင်လျှင် အတ္တမရှိဟု အမြင်မှန်မဖြစ်ဘူးလား။
ဖြေ။ ဖြစ်ပါတယ်ဘုရား။

သတ္တဝါ, အသက် အတ္တမရှိဟု အမြင်မှန်တာဒီဋ္ဌိ၊ သတ္တဝါ အသက်, အတ္တ အယူကို သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ။

မေး။ ရုပ်တရားတွေဘဲလို့ ပိုင်းခြား၍ မသိဘူးလား။
ဖြေ။ သိပါတယ်ဘုရား။

ရုပ်တရားတွေဘဲလို့ ပိုင်းခြား၍သိ ရူပပရိစ္ဆေဒဉာဏ်။

မေး။ ထို ရုပ်တရားတို့သည် သိအပ်တဲ့တရားလား၊ မသိအပ်တဲ့ တရားလား။

ဖြေ။ သိအပ်တဲ့ တရားပါဘုရား။

မေး။ ယခုရှုတော့ ပိုင်းခြားရ၍ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

သို့အပ်သောရုပ်တရားတို့ကို ပိုင်းခြားရ၍သိ ဉာတပရိညာ။

မေး။ ဒိဋ္ဌဝိသုဒ္ဓိ, ရူပပရိစ္ဆေဒဉာဏ်, ဉာတပရိညာတို့ကို ပိုင် မသွားဘူးလား။

ဖြေ။ ပိုင်ပါတယ်ဘုရား။

အသိစိတ်သက္ကာနုပညတ်မှ လွတ်ပုံ။

မေး။ ပဋာကိုတွေးတော့ ပဋာကိုမသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

သိတာ ပါဋိလို စိတ္တဝိညာဏလို့ခေါ်တယ်။ မြန်မာလိုတော့ အသိဘဲ၊ စိတ်ဆိုတာ ပါဋိပျက်၊ စိတ်ကို နာမသတ် ပြန်ထားတာ၊ မြန်မာစကားသက်သက် မဟုတ်ဘူး။

မေး။ အဲဒီသိတာ အမှုန်, အမှား, အလုံး, အဝိုင်း, အရှည်, အတို, အပြား, သက္ကာန်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ သက္ကာန်မဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ သိတာ ဟုတ်ပါတယ်ဘုရား။

မေး။ ပဋာကိုတွေးလိုက်တော့ မမခန္ဓာမှာ အမှုန်, အမှား, အလုံး အဝိုင်း, အရှည်, အဘို, အပြား, သက္ကာန်ဖြစ်ပေါ်သလား။

ဖြေ။ မဖြစ်ပေါ်ပါဘုရား။

မေး။ ဒါဖြင့် ဘာဖြစ်ပေါ်သလဲ။

ဖြေ။ အသိ ဖြစ်ပေါ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် သဏ္ဌာန်ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။

ဖြေ။ အသိရှိပါတယ်ဘုရား။

မရှိတဲ့ သဏ္ဌာန် သဏ္ဌာနပညတ်၊ ရှိတဲ့အသိသဘော ပရမတ်။ မရှိပညတ်၊ ရှိပရမတ် နှစ်ပါး ဟူ၍မူတ်။

မေး။ ပရမတ်, ပညတ် ကဲ့မသွားဘူးလား။

ဖြေ။ ကဲ့သွားပါတယ်ဘုရား။

မေး။ မရှိတာကိုမရှိလို့သိ အမှန်သိလား၊ အမှားသိလဲ့။

ဖြေ။ အမှန်သိပါဘုရား။

မေး။ ရှိတာကိုရှိတယ်လို့သိ အမှန်သိလား၊ အမှားသိလား။

ဖြေ။ အမှန်သိပါဘုရား။

အမှန်သိမြင် သမ္မာဒိဋ္ဌိ။

မေး။ ဒါဖြင့် အသိသဘောသည် သဏ္ဌာနပညတ်မှအသိးမလွတ်ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

မေး။ ကိုယ်နှတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

ဖြေ။ သူ့သဘောက လွတ်တာပါဘုရား။

ဝိပဿနာ တရားတော်။

အသိစိတ်-နာမပညတ်မှ လွတ်ပုံ။

မေး။ သိတာ အမည်လား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ သိတာ ဟုတ်ပါတယ်ဘုရား။

မေး။ သိတာမှာ အမည်ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ အမည်မရှိလျှင် ဘာရှိသလဲ။

ဖြေ။ သိတာ ရှိပါတယ်ဘုရား။

မေး။ ပုဏ္ဏားကိုတွေးတော့ မိမိမန္တာဌ္ဌ အမည် ဖြစ်ပေါ်သလား၊ သိတာဖြစ်ပေါ်သလား။

ဖြေ။ သိတာ ဖြစ်ပေါ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် သိတာရှိသလား၊ အမည်ရှိသလား။

ဖြေ။ သိတာ ရှိပါတယ်ဘုရား။

မရှိတဲ့ အမည်သည် နာမပညတ်၊ ရှိတဲ့ အသိသဘောသည် ပရမတ်၊ မရှိပညတ်၊ ရှိပရမတ် နှစ်ပါးဟူ၍မှတ်။

မေး။ ဒါဖြင့် အသိသဘောသည် နာမပညတ်မှ အသီး မလွတ်ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

မေး။ ကိုယ်နှုတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

ဖြေ။ သူ့သဘောက လွတ်တာပါဘုရား။

အသိစိတ် - အဘာဝပညတ်မှ လွတ်ပုံ။

မေး။ သင်္ကာန်မရှိ၊ အမည်မရှိလျှင် သိတာသည် ဘာမျှမရှိတဲ့ ဘရားလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဒါဖြင့် ဘာရှိသလဲ။

ဖြေ။ သိတာ ရှိပါတယ်ဘုရား။

မေး။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှ အသိမလွတ်ဘူးလား။

ဖြေ။ လွတ်ပါတယ်ဘုရား။

မေး။ ကိုယ်နှုတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

ဖြေ။ သူ့သဘောက လွတ်တာပါဘုရား။

ဤသို့ ပညတ်သုံးပါးမှ အသိုးထုတ်နှုတ်၍ အသိ၏ဟုတ်မှန်သော သဘောကို ပိုင်းခြားရှုသိခြင်းသည် ဉာဏပရိညာ။

မေး။ ဒါဖြင့် ဉာဏပရိညာကို ပိုင်မသွားဘူးလား။

ဖြေ။ ပိုင်ပါတယ်ဘုရား။

(ကြွင်းသော နာမ်တရားတို့၌လည်း ဤနည်းအတိုင်း ပညတ်သုံးပါးမှ အသိုးထုတ်နှုတ်၍ ရှုကြည့်ကြပါ။)

ဖဿသဘော။

မေး။ ပုတာကိုတွေးတော့ ပုတဲ့ အာရုံကို မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

အာရုံကိုတွေ့တဲ့သဘောသည် ဖဿ။

၂၂ ဝိပဿနာ တရားတော်။

ဝေဒနာသဘော။

မေး။ ပုဏ္ဏာကိုတွေးတော့ ပုတ်ခဲအာရုံကို မခံစားဘူးလား။
ဖြေ။ ခံစားပါတယ်ဘုရား။
အာရုံကို ခံစားတတ်တဲ့သဘောသည် ဝေဒနာ။

သညာသဘော။

မေး။ ပုဏ္ဏာကိုတွေးတော့ ပုတ်ခဲအာရုံကို မမှတ်ဘူးလား။
ဖြေ။ မှတ်ပါတယ်ဘုရား။
အာရုံကို မှတ်တဲ့သဘောသည် သညာ။

စေတနာသဘော။

မေး။ ပုဏ္ဏာကိုတွေးတော့ ပုတ်ခဲအာရုံကိုသိခိုက်မှာ ဖြစ်ပေါ်ကြ
တဲ့နာမ်တရားတွေကို သိအောင်, တွေ့အောင်, ခံစားအောင်
အစရှိသောအားဖြင့် မစေ့ဆော်ဘူးလား။
ဖြေ။ စေ့ဆော်ပါတယ်ဘုရား။
မေး။ ပုဏ္ဏာကိုတွေးတောခြင်းကို မပြုလုပ်ဘူးလား။
ဖြေ။ ပြုလုပ်ပါတယ်ဘုရား။
စေ့ဆော်ပြုလုပ်တဲ့သဘောသည် စေတနာ။

ဧကဂ္ဂတာသဘော။

မေး။ ပုဏ္ဏာကိုတွေးတော့ ပုတ်ခဲအာရုံမှာ စိတ်မတည်ဘူးလား။
ဖြေ။ စိတ်တည်ပါတယ်ဘုရား။
စိတ်တည်တဲ့သဘောသည် ဧကဂ္ဂတာ။

ဝိပဿနာ တရားတော်။

ဇီဝိတိန္ဒြေသဘော ။

မေး။ ရေကန်ထဲမှာ ရေမရှိလျှင် ကြာပင်တွေ အညှန့်ထွက်ခြင်း, ပွင့်ခြင်း, သီးခြင်း, အစရှိတဲ့ ကြာသဘော ကြာကိစ္စတွေကို ဆောင်ရွက်နိုင်ပါ့မလား။

ဖြေ။ မဆောင်ရွက်နိုင်ပါဘုရား။

မေး။ ရေရှိတော့ ကြာသဘော, ကြာကိစ္စတွေကို မဆောင်ရွက်နိုင်ဘူးလား။

ဖြေ။ ဆောင်ရွက်နိုင်ပါတယ်ဘုရား။

မေး။ ကြာသဘော, ကြာကိစ္စတွေကို ဆောင်ရွက်နိုင်အောင် ကြာကို ရေမစောင့်ဘူးလား။

ဖြေ။ စောင့်ပါတယ်ဘုရား။

မေး။ သို့တွေ့, ခံစား, မှတ်, အစရှိတဲ့ နာမ်တရားတွေဟာ စောင့်ရှောက်မှုမရှိလျှင် သိခြင်း, တွေ့ခြင်း, ခံစားခြင်း, အစရှိတဲ့ မိမိ၏သဘော မိမိတို့၏ ကိစ္စတွေကို ဆောင်ရွက်နိုင်ပါ့မလား။

ဖြေ။ မဆောင်ရွက်နိုင်ပါဘုရား။

မေး။ စောင့်ရှောက်မှုရှိတော့ မိမိတို့၏သဘော၊ မိမိတို့၏ ကိစ္စတွေကို မဆောင်ရွက်နိုင်ဘူးလား။

ဖြေ။ ဆောင်ရွက်နိုင်ပါကယ်ဘုရား။

သို့တွေ့ခံစား, မှတ်, အစရှိတဲ့ နာမ်တရားတွေသည် မိမိတို့၏သဘော၊ မိမိတို့၏ ကိစ္စတွေကို ဆောင်ရွက်နိုင်အောင် အကူအတ
စောင့်ရှောက်တတ်သော သဘောသည် ဇီဝိတိန္ဒြေ။

ဝိပဿနာ တရားတော်။

မနုဿိကာရဿဘော။

မေး။ ပုဏ္ဏာကိုတွေးတော့ ပုတဲ့အာရုံကို နှလုံးမသွင်းဘူးလား။

ဖြေ။ နှလုံးသွင်းပါတယ်ဘုရား။
နှလုံးသွင်း မနုဿိကာရ။

အကျဉ်းနည်း နာမ်တရားရှစ်ပါး။

သိ, တွေ့, ခံစား, မှတ်, စေ့ဆော်ပြုလုပ်, တည့်, စောင့်ရှောက်, နှလုံးသွင်း။

ဒိဋ္ဌိဝိသုဒ္ဓိ, နာမပရိစ္ဆေဒဉာဏ် ဉာတပရိညာတို့ ဖြစ်လာပုံ။

မေး။ နာမ်တရား ကခု တခုမှာ အမှုန်, အမှား, အလုံး, အစိုင်, စသည့် သဏ္ဌာန် ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ နာမ်တရား ရှစ်ပါးအပေါင်းမှာ သဏ္ဌာန်ရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ အသိဝိညာဏ်ဟာ အသက်လိပ်ပြာလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အသိဝိညာဏ်ဟာ ငါ့စွာလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ တွေတာဟာ ငါလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ တွေတာဟာ ငါ့စွာလား။

ဖြေ။ မဟုတ်ပါဘုရား။

ခမေး။ ခံစားတာ စိုးပိုင်တဲ့တရားလား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ မှတ်တာ လူ့နတ်ဗြဟ္မာလား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ စေ့ဆော်ပြုလုပ်တာ ယောကျ်ားလား, မိန်းမလား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ တည်တာဟာ သား, သမီး, ဆွေမျိုးလား။
ဖြေ။ မဟုတ်ပါဘုရား။
မေး။ နာမ်တရား တခုတခုမှာ သတ္တဝါ အသက်ပါသလား။
ဖြေ။ မပါပါဘုရား။
မေး။ နာမ် တရားရှစ်ပါး အပေါင်းမှာ သတ္တဝါ အသက်ပါ
မလား။
ဖြေ။ မပါပါဘုရား။
မေး။ ယခုပေါ်တဲ့ နာမ်တရားမှာ သတ္တဝါအသက်မရှိ၊ အတိတ်
က နာမ်တရားတွေမှာကော သတ္တဝါ အသက်ရှိမလား။
ဖြေ။ မရှိပါဘုရား။
မေး။ အနာဂတ် နာမ်တရားတွေမှာကော သတ္တဝါ အသက်ရှိ
မလား။
ဖြေ။ မရှိပါဘုရား။
မေး။ နာမ်တရားမှာ သတ္တဝါ၊ အသက်ဟူလျှင် အတွက်လား၊
အနတ္တလား။
ဖြေ။ အနတ္တပါဘုရား။
မေး။ အနတ္တကိုမြင်လျှင် အတ္တမရှိဟု အမြင်မှန် မဖြစ်ဘူးလား။
ဖြေ။ ဖြစ်ပါတယ်ဘုရား။

သတ္တဝါ, အသက်, အတ္တမရှိဟု အမြင်မှန်တာ ဒိဋ္ဌိ၊ သတ္တဝါ, အသက်, အတ္တအယူကို သုံတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ။

မေး။ နာမ်တရားတွေဘဲလို့ ပိုင်းခြဲ၍ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

နာမ်တရားတွေဘဲလို့ ပိုင်းခြားသိ နာမပရိစ္ဆေဒဉာဏ်။

မေး။ ထို နာမ်တရားတို့သည် သိအပ်တဲ့တရားလား၊ မသိအပ်တဲ့တရားလား။

ဖြေ။ သိအပ်တဲ့တရားပါဘုရား။

မေး။ ယခုရှုတော့ ပိုင်းခြားရ၍ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

သိအပ်သော နာမ်တရားတို့ကို ပိုင်းခြားသိ ဉာတပရိညာ။

မေး။ ဒိဋ္ဌိဝိသုဒ္ဓိ နာမပရိစ္ဆေဒဉာဏ်၊ ဉာတပရိညာတို့ကို ပိုင်းမသွားဘူးလား။

ဖြေ။ ပိုင်ပါတယ်ဘုရား။

ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပ ပရိစ္ဆေဒဉာဏ် ဉာတပရိညာတို့ဖြစ်လာပုံ။

မေး။ ရုပ်တရားမှာ သတ္တဝါ အသက်မရှိ၊ နာမ်တရားမှာသတ္တဝါ အသက်မရှိ၊ နာမ်ရုပ်နှစ်ပါး အပေါင်းမှာကော သတ္တဝါ အသက်ရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ ဒါဖြင့် အတ္တလား၊ အနတ္တလား။

ဖြေ။ အနတ္တပါဘုရား။

မေး။ သတ္တဝါ, အသက်မရှိဘူးလို့ ဉာဏဖြင့် သိတိုင်း- သိတိုင်း သတ္တဝါ, အသက်မရှိဟု အမြင်မှန် မဖြစ်ဘူးလား။

ဖြေ။ ဖြစ်ပါတယ်ဘုရား။

မေး။ အမြင်မှန်ဖြစ်လျှင် လူ,နတ်,ဗြဟ္မာ, သတ္တဝါ, အသက်တကယ် အဟုတ်ရှိလို့ မြင်တဲ့ အမြင်မှား ဖြစ်ပေါ်မှု ရှိဦးမလား။

ဖြေ။ မရှိပါဘုရား။

မေး။ နာမ်,ရုပ်ကို လူ,နတ်,လှိုမြင်တဲ့ အမြင်မှား ပျောက်မသွားဘူးလား။

ဖြေ။ ပျောက်သွားပါတယ်ဘုရား။

မေး။ လူ,နတ်,ပျောက်သလား၊ လူ, နတ်, အမြင်မှား ပျောက်သလား။

ဖြေ။ လူ,နတ် အမြင်မှား ပျောက်ပါတယ်ဘုရား။

မေး။ လူ,နတ်,ဗြဟ္မာ,သတ္တဝါ,အသက်,ငါ, ဟူသည် အမှန်အား ဖြင့် ရှိတဲ့တရားလား၊ မရှိတဲ့တရားလား။

ဖြေ။ မရှိတဲ့တရားပါဘုရား။

မေး။ ဘာမျှမရှိတဲ့ဘရားဟာ ပျောက်သွားမလား။

ဖြေ။ ပျောက်မသွားပါဘုရား။

မေး။ လူ,နတ်,ဗြဟ္မာ,သတ္တဝါ,အသက်,ငါ, ဟူသော အမြင်မှား သည် ရှိတဲ့တရားလား မရှိတဲ့ တရားလား။

ဖြေ။ သတ္တဒိဋ္ဌိ, သတ္တဝါအမြင်၊ ဇီဝဒိဋ္ဌိ, အသက်အမြင်၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, ငါဟူသော အတ္တအမြင်မှားတွေဖြစ်၍၊ ထင်ရှားရှိပါတယ်ဘုရား။

၂၀ ဝိပဿနာ တရားတော်။

မေး။ ထင်ရှားရှိတဲ့အမြင်မှားသည် အမြင်မှန်ဖြစ်တော့ ဖြစ်ပေါ်မှု ရှိဦးမှာလား။

ဖြေ။ မရှိပါဘုရား။

မေး။ နာမ်,ရုပ်ကိုပိုင်းခြားရ၍ သိသောဉာဏ်ဖြင့် ထိုအမြင်မှားကို မပယ်ဘူးလား။

ဖြေ။ ပယ်ပါတယ်ဘုရား။

လူ,နတ်,ဗြဟ္မာ,သတ္တဝါ, အသက် အတ္တ မရှိဟု အမြင်မှန်တာဒီဋ္ဌိ၊ သတ္တဝါ, အသက်, အတ္တအယူကို သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ။

မေး။ နာမ်ရုပ်တရားတွေဘဲလို့ ပိုင်းခြား၍ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

နာမ် ရုပ် တရားတွေဘဲလို့ ပိုင်းခြား၍သိ၊ နာမရူပ ပရိစ္ဆေဒဉာဏ်။

မေး။ ထို နာမ် ရုပ် တရားတို့သည် သိအပ်တဲ့တရားလား၊ မသိအပ်တဲ့ တရားလား။

ဖြေ။ သိအပ်တဲ့ တရားပါဘုရား။

မေး။ ယခုရှုတော့ ပိုင်းခြား၍ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

သိအပ်သော ရုပ် နာမ်တရားတို့ကို ပိုင်းခြား၍ သိခြင်းသည် ဉာတပရိညာ။

မေး။ ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဉာတပရိညာတို့ကို ပိုင်မသွားဘူးလား။

ဖြေ။ ပိုင်ပါတယ်ဘုရား။

ရုပ်တို့၏ အကြောင်းကြောင့် ဖြစ်လာပုံနှင့် ၎င်းအကြောင်းများ။

မေး။ ထို နာမ်, ရုပ်တရားတို့သည် ဗြဟ္မာ၊ ဗိဿနိုးနတ်၊ တစုံတယောက် အဝိုးရသော သူသည် ဖန်ဆင်း၍ ဖြစ်ပေါ်လာတာလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဒါဖြင့်- အလိုအလျောက်ဖြစ်ပေါ်လာတာလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အတိတ်ဘဝက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသဝဋ်ဖြတ်တောက်လျှင် အတိတ်ဘဝမှာ ရဟန္တာဖြစ်မယ်၊ အတိတ်ဘဝမှာ ရဟန္တာဖြစ်လျှင် အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုမယ်၊ အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုလျှင် ဤပစ္စုပ္ပန်ဘဝမှာ ရုပ်တရားတွေ ဖြစ်ပေါ်မှု ရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ ဒါဖြင့်- ရုပ်တရားတွေသည် အလိုလို ဖြစ်ပေါ်သလား၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသာဝဋ်ကြောင့် ဖြစ်ပေါ်သလား။

ဖြေ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကိလေသာဝဋ်ကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

မေး။ အဲတိတ်ဘဝက ကိလေသာဝဋ်ဖြတ်တောက်လျှင် ကမ္မဝဋ်ဖြတ်တောက်မယ်။ ကမ္မာဝဋ်ဖြတ်တောက်လျှင် အတိတ်ဘဝမှာ ရဟန္တာဖြစ်မယ်၊ အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုမယ်။ အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုလျှင် ဤပစ္စုပ္ပန်ဘဝမှာ ရုပ်တရားတွေ ဖြစ်ပေါ်မှုရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ ဒါဖြင့်- ရုပ်တရားတွေသည် အလိုလို ဖြစ်ပေါ်သလား။ ကံခြောင့် ဖြစ်ပေါ်သလား။

ဖြေ။ ကံကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

မေး။ ပစ္စုပ္ပါန်ဘဝမှာ စိတ်,ဥတု,အာဟာရတွေ အကြောင်းခံမှ မရှိလျှင် ရုပ်တရားဘွေ ဖြစ်ပေါ်မှုရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ ဒါဖြင့် ရုပ်တရားတွေ အလိုလိုဖြစ်ပေါ်သလား။

စိတ်,ဥတု,အာဟာရကြောင့် ဖြစ်ပေါ်သလား။

ဖြေ။ စိတ်,ဥတု,အာဟာရကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

ရုပ်တရားတွေ အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်ဟု မှတ်ပါ။

နာမ်တို့၏အကြောင်းကြောင့် ဖြစ်လာပုံနှင့် ၎င်းအကြောင်းများ။

မေး။ နာမ်တရားတွေကော ပုတာကိုဖွဲ့တေားခိုက် ပုတဲ့အာရုံကို အာရုံပြု၍ ဖြစ်ပေါ်တယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဖြစ်ပေါ်ကြတဲ့ နာမ်ဘရားတွေ ပုတဲ့အာရုံ အကြောင်းခံမှ မရှိလျှင် ဖြစ်ပေါ်မှုရှိမလား။

ဖြေ။ မရှိပါဘုရား။

မေး။ နာမ်တရားတွေအလိုလိုဖြစ်ပေါ်သလား၊အာရုံအကြောင်းကြောင့် ဖြစ်ပေါ်သလား။

ဖြေ။ အာရုံအကြောင်းကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

မေး။ ဖြစ်ရာဒုဒ္ဓါရမရှိလျှင် နာမ်တရားတွေ ဖြစ်ပေါ်မှုရှိမလား။
ဖြေ။ မရှိပါဘုရား။
မေး။ နာမ်တရားတွေ အလိုလို ဖြစ်ပေါ်သလား၊ ဖြစ်ရာ ဒုဒ္ဓါရ ကြောင့် ဖြစ်ပေါ်သလား။
ဖြေ။ ဖြစ်ရာဒုဒ္ဓါရကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။
နာမ်တရားတွေလဲ အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်ဟု မှတ်ပါ။

ပစ္စယပရိဂ္ဂဟဉာဏ် ကဒ်ါဝိတရဏ ဝိသုဒ္ဓိဖြစ်ပုံ။

မေး။ ပစ္စုပ္ပါန် နာမ်,ရုပ် အကြောင်းကြောင့်ဖြစ်ပေါ်ကြတယ်၊ အတိတ်နာမ်, ရုပ်တွေကော။
ဖြေ။ အကြောင်းကြောင့်ပါဘုရား။
မေး။ အနာဂတ် နာမ်, ရုပ် တွေကော။
ဖြေ။ အကြောင်းကြောင့်ပါဘုရား။
မေး။ နာမ်, ရုပ်တို့သည် အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်လို့ သိမြင်တိုင်း-သိမြင်တိုင်း အကြောင်းတရားကို မသိမ်းဆည်း ဘူးလား။
ဖြေ။ သိမ်းဆည်းပါတယ်ဘုရား။

အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်။

ယုံမှားခြင်း တဆယ့်ခြောက်ပါး၊ ယုံမှားခြင်းရှစ်ပါးကို လွှန်မြောက်၏။ ကဒ်ါဝိတရဏ ဝိသုဒ္ဓိ။

ဤ ပစ္စယ ပရိဂ္ဂဟဉာဏ် နှင့် ပြည့်စုံသောသူသည် ဘုရားရှင် သာသနာတော်၌ သက်သာရာ, ထောက်တည်ရာ ရသော ဂတိ

မြဲသော စုဥ်ဆောတာပန်ဖြစ်ပြီဟု ဝိသုဒ္ဓိ အဋ္ဌကထာ၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ အဂ်ုတ္တိုရ်အဋ္ဌကထာ၊ ပဏ္ဏာသ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ အဘိဓမ္မာဝတာရ ဋီကာရှင်တို့သည် မိန့်ဆို ကြတယ်။

ဘဝအားဖြင့် ရုပ်တို့၏ အနိစ္စ ဖြစ်ပုံ။

မေး။ ထိုအကြောင်းကြောင့် ဖြစ်ပေါ်လာကြသော နာမ်,ရုပ်တို့ တွင် အတိတ်ဘဝက ဖြစ်ပေါ်လာကြသော ရုပ်တရားတို့ သည် ဤပစ္စုပ္ပန်ဘဝသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ အတိတ်ဘဝမှာလဲ ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဤပစ္စုပ္ပန်ဘဝမှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယဘဝသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ အတိတ်ဘဝမှာလဲ ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဤပစ္စုပ္ပန်ဘဝမှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယဘဝသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ ဤပစ္စုပ္ပန်ဘဝမှာဘဲ ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဒုတိယဘဝမှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် တတိယဘဝသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ ဒုတိယဘဝမှာ ပျက်စီးကြတယ် မဟုတ်လား။
ဖြေ။ ဟုတ်ပါတယ်ဘုရား။
မေး။ ဒါဖြင့်- နိဗ္ဗလား၊ အနိဗ္ဗလား။
ဖြေ။ အနိဗ္ဗပါဘုရား။
မေး။ သတ္တဝါအနိဗ္ဗလား၊ ရုပ်တရား အနိဗ္ဗလား။
ဖြေ။ ရုပ်တရား အနိဗ္ဗပါဘုရား။
မေး။ အသက် အနိဗ္ဗလား၊ ရုပ်တရား အနိဗ္ဗလား။
ဖြေ။ ရုပ်တရား အနိဗ္ဗပါဘုရား။

ရှုပံ အနိစ္စံ။

ကာလအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ။

မေး။ အနှစ်တရားကို သုံးပိုင်းပိုင်း၊ ပဌမအရွယ်မှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယအရွယ်သို့ ရောက်သလား။
ဖြေ။ မရောက်ပါဘုရား။
မေး။ ဒုတိယအရွယ်ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် တတိယအရွယ်သို့ ရောက်သလား။
ဖြေ။ မရောက်ပါဘုရား။
မေး။ တတိယအရွယ်မှာဖြစ်ပေါ်ကြတဲ့ရုပ်တရားတို့သည် စုတိဆွဲအရွယ်သို့ ရောက်သလား။
ဖြေ။ မရောက်ပါဘုရား။
မေး။ မနှစ်ကဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ယခုနှစ်သို့ရောက်သလား။
ဖြေ။ မရောက်ပါဘုရား။

ဝိပဿနာ တရားဟော်။

မေး။ နောက်နှစ်မှ ဖြစ်ပေါ်ကြမဲ့ ရုပ်တရားတို့သည် ထို့နောက်နှစ်သို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ ယခင်လက ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ယခုလသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ ယခုလ၌ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နောက်လသို့ ရောက်မလား။

ဖြေ။ မရောက်ပါဘုရား။

မေး။ နောက်လ၌ ဖြစ်ပေါ်ကြမဲ့ ရုပ်တရားတို့သည် ထို့နောက်လသို့ ရောက်မလား။

၆ဖြေ။ မရောက်ပါဘုရား။

၆မေး။ မနေ့က ဖြစ်ပေါ်ခဲ့ကြတဲ့ ရုပ်တရားတို့သည် ယနေ့သို့ ရောက်မလား။

၆ဖြေ။ မရောက်ပါဘုရား။

၆မေး။ ယနေ့ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နံနက်ဖြန်သို့ ရောက်မလား။

၆ဖြေ။ မရောက်ပါဘုရား။

၆မေး။ မနက်ဖြန်၌ ဖြစ်ပေါ်ကြမဲ့ ရုပ်တရားတို့သည် သဘက်ခါသို့ ရောက်မလား။

၆ဖြေ။ မရောက်ပါဘုရား။

၆မေး။ နံနက်က ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နေ့လယ်သို့ ရောက်မလား။

၆ဖြေ။ မရောက်ပါဘုရား။

မေး။ နံနက်မှာဘဲ ပျက်စီးကြတယ် မဟုတ်လား။
ဖြေ။ ဟုတ်ပါတယ်ဘုရား။
မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ။ အနိစ္စပါဘုရား။
မေး။ နေ့လယ်၌ဖြစ်ပေါ်တဲ့ရုပ်တရားသည်ညနေသို့ရောက်မလား။
ဖြေ။ မရောက်ပါဘုရား။
မေး။ နေ့လယ်မှာဘဲ ပျက်စီးကြတယ် မဟုတ်လား။
မေး။ ဟုတ်ပါတယ်ဘုရား။
မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ။ အနိစ္စပါဘုရား။
မေး။ ညနေ၌ ဖြစ်ခဲ့ပါကြတဲ့ ရုပ်တရားတို့သည် ညဉ့်ဦးယံသို့ရောက်မလား။
ဖြေ။ မရောက်ပါဘုရား။
မေး။ ညနေမှာဘဲ ပျက်စီးကြတယ် မဟုတ်လား။
ဖြေ။ ဟုတ်ပါတယ်ဘုရား။
မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ။ အနိစ္စပါဘုရား။
မေး။ အနိစ္စရှုတော့ အနိစ္စမမြင်ဘူးလား။
ဖြေ။ မြင်ပါတယ်ဘုရား။

အာဟာရအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ။

မေး။ အာဟာရ ဆာလောင် မွတ်သိပ်လာတော့ ဒုက္ခကာကြီးတို့၏ ခန္ဓာမှာညှိုးနွမ်းတဲ့အဆင်း ဖြစ်ပေါ်မလာဘူးလား။
ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

ဝိပဿနာ တရားတော်။

မေး။ ညိုးနွမ်းသောအဆင်း၊ ထိုအဆင်းနှင့်အတူ အနံ့၊ အရသာ၊ သြဇာ၊ ပူတာ၊ တည်တာ၊ တွန်းတာ၊ ကပ်တာ ရုပ်ရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ စာအုပ်ထဲမှာ ဖြစ်ပေါ်တာလား၊ ခန္ဓာမှာဖြစ်ပေါ်တာလား။

ဖြေ။ ခန္ဓာမှာ ဖြစ်ပေါ်တာပါဘုရား။

မေး။ အလိုလို ဖြစ်ပေါ်တာလား၊ ပုတ်သိပ်လို့ ဖြစ်ပေါ်တာလား။

ဖြေ။ မုတ်သိပ်လို့ ဖြစ်ပေါ်တာပါဘုရား။

မေး။ အာဟာရတွေကို မှီခဲစားသောက်ပြီးတော့ ဒါယကာကြီး တို့၏ခန္ဓာမှာ ရှင်လန်းတဲ့အဆင်းတွေ ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ ရှင်လန်းသောအဆင်း, ထိုအဆင်းနှင့်အတူ အနံ့၊ အရသာ, သြဇာ, ပူတာ, တည်တာ, တွန်းတာ, ကပ်တာ, ရုပ်တရားရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ စာအုပ်ထဲမှာ ဖြစ်ပေါ်လာဘာလား၊ ခန္ဓာမှာ ဖြစ်ပေါ်တာလား။

ဖြေ။ ခန္ဓာမှာပါဘုရား။

မေး။ အလိုလိုဖြစ်ပေါ်တာလား၊ ဝေဖြာလို့ဖြစ်ပေါ်တာလား။

ဖြေ။ ဝေဖြာလို့ပါဘုရား။

မေး။ မှတ်သိပ်တဲ့အခါ ဖြစ်ပေါ်လာတဲ့ရုပ် ဝေဖြာတဲ့အခါ မှာ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ မှတ်သိပ်တဲ့အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဝေဖြာတဲ့အခါ ဖြစ်ပေါ်တဲ့ရုပ် မှတ်သိပ်တော့ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ မှတ်သိပ်တဲ့အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဝေဖြာတဲ့အခါ ဖြစ်ပေါ်တဲ့ရုပ် မှတ်သိပ်တော့ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ ဝေဖြာတဲ့အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

ဥတုအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ။

မေး။ နွေလယ်မှာ နေကသဲပူတော့ ပူတဲ့ဥတု အေးကြောင်းခံတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ စမ်းသပ်ကြည့်တော့ ပူတဲ့တေဇော မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ စည်းစားကြည့် ပူတဲ့တေဇော, ထိုတေဇော၏တည်ရာပထဝီ, တွန်းကန်ဝါယော, ဖွဲ့ကပ်အာပေါ, အဆင်း, အနံ့, အရသာ, သြဇာ ရုပ်တရားရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ စာအုပ်ထဲမှာ ဖြစ်ပေါ်တာလား၊ ခန္ဓာမှာ ဖြစ်ပေါ်တာလား။

ဖြေ။ ခန္ဓာမှာဖြစ်ပေါ်ပါတယ်။

မေး။ အလိုလို ဖြစ်ပေါ်တာလား၊ ပူတဲ့ဥတု အကြောင်းခံလို့ ဖြစ်ပေါ်တာလား။

ဖြေ။ ပူတဲ့ဥတုအကြောင်းခံလို့ ဖြစ်ပေါ်တာပါဘုရား။

မေး။ ညနေ နေဝင်ခါနီး သို့မဟုတ် ညဉ့်အချိန်ကျတော့ ဥတုက ဧတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ စမ်းသပ်ကြည့်တော့၊ ဧတဲ့ သို့မဟုတ် နဲနဲနွေးတဲ့ တေဇောဓါတ်ကိုမတွေ့ဘးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ထို ဧတဲ့၊ သို့မဟုတ် နွေးတဲ့တေဇော, ထိုတေဇော၏တည်ရာပထဝီ, တွန်းကန်ဝါယော, ဖွဲ့ကပ်အာပေါ, အဆင်း, အနံ့, အရသာ, သြဇာ, ရုပ်တရားရှစ်ပါးဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ စာအုပ်ထဲမှာ ဖြစ်ပေါ်တာလား၊ ခန္ဓာမှာ ဖြစ်ပေါ်တာလား။

ဖြေ။ ခန္ဓာမှာ ဖြစ်ပေါ်တာပါဘုရား။

မေး။ အလိုလို ဖြင့်ပေါ်လာတာလား၊ တွေ့ ဥတု အကြောင်းခံလို့ ဖြစ်ပေါ်သလား။

ဖြေ။ တွေ့ ဥတုအကြောင်းခံလို့ ဖြစ်ပေါ်တာပါဘုရား။

မေး။ ပူတဲ့ခါမှာ ဖြစ်ပေါ်တဲ့ရုပ်၊ တွေ့အခါမှာ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ ပူတဲ့အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ တွေ့အခါမှာဖြစ်ပေါ်တဲ့ရုပ်၊ ပူတဲ့အခါမှာရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ တွေ့ အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

စိတ်အားဖြင့် ရုပ်တို့၏ အနိစ္စ ဖြစ်ပုံ။

မေး။ ဝမ်းမြောက်တော့ ဒါယကာကြီးတို့ ခန္ဓာမှာ ရှင်ပြသော အဆင်းတွေ ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ ရှင်ပြသောအဆင်း၊ ထိုအဆင်းနှင့်အတူ အာနံ., အာရသာ, သြဇာ, ပူတာ, တည်ရာ, တွန်းတာ, ကပ်တာ, ရုပ်တရား ရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ စာအုပ်ထဲမှာလား၊ ခန္ဓာမှာလား။
ဖြေ။ ခန္ဓာမှာပါဘုရား။
မေး။ အလိုလိုဖြစ်ပေါ်တာလား၊ ဝမ်းမြောက်လို့ ဖြစ်ပေါ်တာလား။
ဖြေ။ ဝမ်းမြောက်လို့ ပါဘုရား။
မေး။ စိတ်ဆိုးလာတော့ ဒါယကာကြီးတို့ခန္ဓာမှာ ညှိုမည်းသောအဆင်းတွေ့ ဖြစ်ပေါ်မလာဘူးလား။
ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး။ ညှိုမည်းသောအဆင်း၊ထိုအဆင်းနှင့်အတူ အနံ့,အရသာ, သြဇာ, ပူတာ, တည်တံ့, တွန်းတာ, ကပ်တာ, ရုပ်တရား ရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။
ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး။ စာအုပ်ထဲမှာလား၊ ခန္ဓာမှာလား။
ဖြေ။ ခန္ဓာမှာပါဘုရား။
မေး။ အလိုလို ဖြစ်ပေါ်တာလား၊ စိတ်ဆိုးလို့ ဖြစ်ပေါ်တာလား။
ဖြေ။ စိတ်ဆိုးလို့ ပါဘုရား။
မေး။ ဝမ်းမြောက်တော့ ဖြစ်ပေါ်တဲ့ရုပ်၊ စိတ်ဆိုးတော့ ရှိသေးသလား။
ဖြေ။ မရှိတော့ပါဘုရား။
မေး။ ဝမ်းမြောက်တဲ့အခါမှာဘဲ ရင့်ရော်ပြီးပျက်စီးတယ်မဟုတ်လား။
ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ စိတ်ဆိုးတော့ ဖြစ်ပေါ်တဲ့ရုပ်၊ ဝမ်းမြောက်တော့ ရှိသေး သလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ စိတ်ဆိုးတဲ့အခါမှာဘဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ် လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ သတ္တဝါ,အသက်,အနိစ္စလား၊ ရုပ်တရားအနိစ္စလား။

ဖြေ။ ရုပ်တရား အနိစ္စပါဘုရား။

ရုပံ အနိစ္စံ ။

မှတ်ကြောင်းရှိ ရုပ်တို့၏ အနိစ္စ ဖြစ်ပုံ။

မေး။ ပူတာသည်ဖြစ်ခိုက် ပူတဲ့သတ္တိ မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ရင့်ခိုက် ပူတဲ့သတ္တိ မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ပျက်ခိုက် ပူတဲ့သတ္တိမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဖြစ်,ရင့်,ပျက်, ခဏသုံးခုမှာ ပူတဲ့သတ္တိမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

ခဏသုံးခုဆိုသဖြင့် နာမ်ခဏနှင့်မယှဉ်နှင့် ရုပ်ခဏနှင့်ယှဉ်၊ ဝိညာတ်လက္ခဏရုပ်မှ တပါးသောရုပ်တို့၏ ဖြစ်ခဏသည် နာမ်ခဏငယ်တခုနှင့်ညီမျှ၏။ ထိုရုပ်တို့၏ ရင့်ခဏသည် နာမ်ခဏငယ်လေးဆယ်ကိုးနှင့် ညီမျှ၏။ ထိုရုပ်တို့၏ ပျက်ခဏသည် နာမ်ခဏငယ်တခုနှင့် ညီမျှ၏။ ထိုရုပ်တို့၏ ခဏသုံးခုသည် နာမ်ခဏငယ် ငါးဆယ် တစ်နှင့် ညီမျှ၏။ ရုပ်ကို ရုပ်ခဏနှင့်သိပါ၊ နာမ်ကို နာမ်ခဏနှင့်သိပါ။

မေး။ ပျက်သည်၏ အခြားမဲ့၌ ပူတဲ့သတ္တိ ရှိသေးသလား။

ဖြေ။ မရှိပါဘုရား။

မေး။ ဖြစ်မှုမရှိမီက ပူတဲ့ သတ္တိ ရှိနှင့်သလား။

ဖြေ။ မရှိနှင့်ပါဘုရား။

မေး။ ဖြစ်ပေါ်မှုမရှိမီက မရှိနှင့်ပါဘဲ၊ ဖြစ်ခိုက်, ရင့်ခိုက်, ပျက်ခိုက်မှာ ခေတ္တရှိပြီး ပျက်သည်၏ အခြားမဲ့မှာ မရှိတဲ့ အပူ တေဇော ပရမတ်သည် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ပေါ်ပျက်စီးတဲ့ ထိုအပူတေဇောပရမတ်သည် နိစ္စလား အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ခြင်း,ရင့်ခြင်း, ပျက်ခြင်း, မှတ်ကြောင်းရှိတဲ့ ထိုအပူတေဇော, ပရမတ်သည် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ပေါ်မှုမရှိမီက မရှိနှင့်ကြဘဲ၊ ဖြစ်ခိုက်, ရင့်ခိုက်, ပျက်ခိုက်မှာ ခေတ္တရှိပြီး ပျက်သည်၏အခြားမဲ့၌ မရှိခြင်းသို့

ရောက်ကြတဲ့ တည်ရာ, တွန်းဟာ, ကပ်ဟာ, အဆင်း, အနံ့, အရသာ, သြဇာ, ရုပ် ပရမတ်တို့သည် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုးဘုး။

မေး။ ဖြစ်ပေါ်ပျက်စီးကြတဲ့ ထိုတည်ရာ, တွန်းဟာ, ကပ်ဟာ, အဆင်း, အနံ့, အရသာ, သြဇာ, ရုပ် ပရမတ် တို့သည် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ခြင်း, ရှင်ခြင်း, ပျက်ခြင်း မှတ်ကြောင်းရှိတဲ့ ထိုတည်ရာ တွန်းတာ, ကပ်တာ, အဆင်း, အနံ့, အရသာ, သြဇာ, ရုပ် ပရမတ်တို့သည် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ သတ္တပါအနိစ္စလား၊ ရုပ်တရားအနိစ္စလား။

ဖြေ။ ရုပ်တရား အနိစ္စပါဘုရား။

မေး။ အာသက်အနိစ္စလား၊ ရုပ်တရားအနိစ္စလား။

ဖြေ။ ရုပ်တရားအနိစ္စပါဘုရား။

ရူပံ အနိစ္စံ ။

မေး။ ရုပ်အနိစ္စရှုတော့ ရုပ်အနိစ္စမမြင်ဘူးလား။

ဖြေ။ မြင်ပါတယ်ဘုရား။
အနိစ္စမြင် တီးကပပရိညာ။

အာဝုံအားဖြင့် နာမ်တရား ရှစ်ပါးတို့၏ အနိစ္စ ဖြစ်ပုံ။

မေး။ ပဋိတာကိုတွေးတော့ ပဋိတာကိုသိ၊ ပဋိတာကိုတွေ့၊ ပဋိတာကို ခံစား၊ ပဋိတာကိုမှတ်၊ ပဋိတဲ့အာဝုံကို အာဝုံပြု၍ ဖြစ်ကြတဲ့

နာမ်တရားတွေကိုစေ့ဆော်၊ ပူတာကို တွေးတောခြင်းပြုလုပ်၊ပူတာမှာတည်၊ ပူတဲ့အာရုံကို အာရုံပြု၍ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေကိုစောင့်ရှောက်၊ ပူတာကိုနှလုံးသွင်း (အကျဉ်းနည်း) နာမ်တရားရှစ်ပါး ပူတာကို အာရုံပြု၍ ဖြစ်ပေါ်မလာကြဘူးလား။

ဖြေ။ ဖြစ်ပေါ်လာကြပါတယ်ဘုရား။

မေး။ တည်ရာကိုတွေးတော့၊ တည်ရာကိုသိ၊ တည်ရာကိုတွေး၊ တည်ရာကိုခံစား၊ တည်ရာကိုမှတ်, တည်ရာကို အာရုံပြု၍ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေကို စေ့ဆော်၊ တည်ရာကို တွေးတောခြင်းကိုပြုလုပ်၊ တည်ရာ၌တည်၊ တည်ရာအာရုံကို အာရုံပြု၍ဖြစ်ပေါ်လာကြတဲ့ နာမ်တရားတွေကိုစောင့်ရှောက်၊ တည်ရာနှလုံးသွင်း (အကျဉ်းနည်း) နာမ်တရားရှစ်ပါးတည်ရာကို အာရုံပြု၍ ဖြစ်ပေါ်မလာကြဘူးလား။

ဖြေ။ ဖြစ်ပေါ်လာပါတယ်ဘုရား။

မေး။ တည်ရာကိုသိတာ ပေါ်လာတော့ ပူတာကိုသိတာရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ ပူတာသိသည် ဖြစ်ပေါ်နေတဲ့နေရာမှာဘဲ ရှင့်ရော်ပျက်စီးသွားသည်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ တည်ရာတွေ့ဖြစ်ပေါ်လာတော့ ပူတာတွေ့ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ ပူတာတွေ့သည် ဖြစ်ပေါ်နေတဲ့နေရာမှာဘဲ ရင့်ရော်ပျက်စီးသွားတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိဗ္ဗာန်လား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ တည်ရာခံစား စသော နာမ်တရားတွေ့ ဖြစ်ပေါ်လာကြတော့ ပူတာခံစားစသော နာမ်တရားတွေ့ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ ပူတာ ခံစားစသော နာမ်တရားတို့သည် ဖြစ်ပေါ်တဲ့နေရာမှာဘဲ ရင့်ရော်ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိဗ္ဗာန်လား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အဆင်းကိုရှုတော့ အဆင်းကိုအာရုံပြု၍ သို့တွေ့ခံစား၊ မှတ်၊ စေ့ဆော်ပြုလုပ်၊ တည်၊ ဖောင့်ရှောက်၊ နှလုံးသွင်း၊ နာမ်တရားတွေ့ ဖြစ်ပေါ်မလာကြဘူးလား။

ဖြေ။ ဖြစ်ပေါ်လာကြပါတယ်ဘုရား။

မေး။ အဆင်းကိုအာရုံပြု၍ နာမ်တရားတွေ့ ဖြစ်ပေါ်ကြတော့ တည်ရာကို တွေ့ရသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ တည်ရာကိုတွေးတော့ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတို့သည် ထိုဖြစ်ပေါ်တဲ့ နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အသံကိုအာရုံပြု၍ နာမ်တရားတွေ ဖြစ်ပေါ်လာကြတော့ အဆင်းကို အာရုံပြု၍ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ ရှိသေးသလဲ။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ အဆင်းကိုအာရုံပြု၍ ဖြစ်ပေါ်တဲ့နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အသံကိုအာရုံပြု၍ နာမ်တရားတွေ ဖြစ်ပေါ်လာကြတော့ အဆင်းကိုအာရုံပြု၍ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ အဆင်းကိုအာရုံပြု၍ ဖြစ်ပေါ်တဲ့နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အနံ့ကိုအာရုံပြု၍ နာမ်တရားတွေ ဖြစ်ပေါ်လာကြတော့ အသံကိုအာရုံပြု၍ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ အသံကိုအာရုံပြု၍ ဖြစ်ပေါ်တဲ့ နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အရဿာကိုအာရုံပြု၍ နာမ်တရားတွေ့ ဖြစ်ပေါ်လာကြတော့၊ အနုံ့ကိုအာရုံပြု၍ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ့ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ အနုံ့ကိုအာရုံပြု၍ ဖြစ်ပေါ်တဲ့ နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အတွေ့အာရုံကို အာရုံပြု၍ နာမ်တရားတွေ့ ဖြစ်ပေါ်လာကြတော့ အရဿာကိုအာရုံပြု၍ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ့ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ အတွေ့အာရုံကို အာရုံပြု၍ ဖြစ်ပေါ်တဲ့ နေရာမှာဘဲ ရင့်ရော်ပြီး ပျက်စီးကြတယ် မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

မေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အာရုံခြောက်ပါးကိုတွေးလို့ နာမ်တရားတွေ့ဖြစ်ပေါ်လာကြတော့ အတွေ့အာရုံကိုအာရုံပြု၍ ကာယဒွါရမှာ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ့ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

ဓမေး။ အတ္တအာရုံကို အာရုံပြု၍ ဖြစ်ပေါ်တဲ့ ကာယဒွါရမှာဘဲ ရှင့်ရော်ပြီး ပျက်စီးကြတယ်မဟုတ်လား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

ဓမေး။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

ဓမေး။ သတ္တဝါ,အသက်အနိစ္စလား၊ နာမ်တရားအနိစ္စလား။

ဖြေ။ နာမ်တရား အနိစ္စပါဘုရား။

မှတ်ကြောင်းရှိ နာမ်တရားတို့၏ အနိစ္စဖြစ်ပုံ။

ဓမေး။ အသိသည်ဖြစ်ခိုက် သိတဲ့ သတ္တိ မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

ဓမေး။ ရှင့်ခိုက် သိတဲ့သတ္တိ မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

ဓမေး။ ပျက်ခိုက်, သိတဲ့သတ္တိမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

ဓမေး။ ပျက်သည် အမြားမဲ့၌ သိတဲ့သတ္တိ ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

ဓမေး။ ဖြစ်ပေါ်မှုမရှိမီက သိတဲ့သတ္တိရှိနှင့်သလား။

ဖြေ။ မရှိပါဘုရား။

ဓမေး။ ဖြစ်ပေါ်မှုမရှိမီက အချင်းခပ်သိမ်းမရှိနှင့်ဘဲ ပျက်သည်၏ အခြားမဲ့၌လည်း အချင်းခပ်သိမ်းမရှိတော့ဘဲ ခေတ္တရှိ အမြဲမရှိတဲ့ အသိပရမတ်ဟာ နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ပေါ်ပြီးကုန်တဲ့ ပျက်တဲ့,ကင်းတဲ့,ချုပ်တဲ့ အသိပရမတ်ဟာ နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဖြစ်ခြင်း, ရှင့်ခြင်း, ပျက်ခြင်း, မှတ်ကြောင်းရှိတဲ့ အသိပရမတ်ဟာ နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အသိ အနိစ္စဖြစ်လျှင် ကြင်းသော နာမ်တရားတွေကော နိစ္စလား၊ အနိစ္စလား။

ဖြေ။ အနိစ္စပါဘုရား။

နာမ်ရုပ် ၂-ပါးတို့၏ အနိစ္စ သဘော။

ရုပ်တရား အနိစ္စ, နာမ်တရား အနိစ္စ, နာမ်ရုပ် နှစ်ပါး အနိစ္စ, ယခုဖြစ်ပေါ်ပျက်စီးတဲ့ နာမ်ရုပ် အနိစ္စ။

မေး။ အတိတ်က နာမ်ရုပ်တွေကော။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အနာဂတ် နာမ်ရုပ်တွေကော။

ဖြေ။ အနိစ္စပါဘုရား။

မေး။ အဇ္ဈတ္တ နာမ်ရုပ်တွေကော။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဗဟိဒ္ဓ နာမ်ရုပ်တွေကော။

ဖြေ။ အနိစ္စပါဘုရား။

မေး။ ဘာကြောင့် အနိစ္စလဲ။

ဖြေ။ နာမ် ရုပ်တို့သည် ဖြစ်ပေါ် ပျက်စီးခြင်း သဘောကြောင့် အနိစ္စပါဘုရား။ နာမ် ရုပ်တို့သည် ကုန်ဆုံးတတ်သော သဘောကြောင့်လည်း အနိစ္စပါဘုရား။

မေး။ အနိစ္စရှုတော့ အနိစ္စမမြင်ဘူးလား။

ဖြေ။ မြင်ပါတယ်ဘုရား။

အနိစ္စမြင် တီရဏပရိညာ။

အဘို့ ၂- ပါးမှလွတ်၍ သမ္မာဒိဋ္ဌိ ဖြစ်လာပုံ။

မေး။ အနိစ္စတရားကို အနိစ္စလို့ မြင်တဲ့ အမြင်ဟာ ကောင်းတဲ့ အမြင်လား၊ မကောင်းတဲ့ အမြင်လား။

ဖြေ။ ကောင်းတဲ့အမြင်ပါဘုရား။

ကောင်းတဲ့အမြင် သမ္မာဒိဋ္ဌိ။

မေး။ အနိစ္စမြင်တဲ့ သမ္မာဒိဋ္ဌိဖြစ်ခဲပါ့တော့ အနိစ္စကိုမမြင်တတ်တဲ့ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာနှင့် တဒေကဋ္ဌဖြစ်ကြတဲ့ ကိလေသာတွေ ဖြစ်ပေါ်မှုရရဲ့လား။

မေး။ မရပါဘုရား။

မေး။ မြင်သမ္မာဒိဋ္ဌိသည် မမြင်တတ်တဲ့ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာနှင့် တဒေကဋ္ဌဖြစ်ကြတဲ့ ကိလေသာတွေကို မသတ်ဘူးလား။

ဖြေ။ သတ်ပါတယ်ဘုရား။

မေး။ အနိစ္စတည်းဟူသော ဟုတ်မှန်သော အာရုံသို့ မြင်သောအားဖြင့် မရောက်ဘူးလား။

ဖြေ။ ရောက်ပါတယ်ဘုရား။

အနိစ္စမြင် သမ္မာဒိဋ္ဌိသည် အနိစ္စကို မမြင်တတ်သော အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာနှင့် တဒေကဋ္ဌဖြစ်သော ကိလေသာတို့ကို သတ်တတ်သောကြောင့် "မ"၊ အနိစ္စ တည်းဟူသော ဟုတ်မှန်သော အာရုံသို့ အာရုံပြု၍ မြင်သောအားဖြင့် ရောက်တတ်လို့ "ဂ"၊ သမ္မာဒိဋ္ဌိမဂ္ဂ။

မေး။ တခါရှုတော့ တခါမမြင်ဘူးလား။
ဖြေ။ မြင်ပါတယ်ဘုရား။
တခါမြင် တခါပဉ္စား။
မေး။ ထပ်ခါထပ်ခါရှုတော့ ထပ်ခါထပ်ခါ မမြင်ဘူးလား။
ဖြေ။ မြင်ပါတယ်ဘုရား။

ထပ်ခါထပ်ခါမြင်၊ ထပ်ခါထပ်ခါပဉ္စား၊ ပဉ္စား'ဘာဝနာ' သမ္မာဒိဋ္ဌိ မဂ္ဂဘာဝနာ၊ ဒီဃမ္မာဒိဋ္ဌိ မဂ္ဂဘာဝနာသည် လောကုတ္တရာ သမ္မာဒိဋ္ဌိမဂ္ဂ ဘာဝနာမဟုတ်၊ အနိစ္စလောကီဒုက္ခ သစ္စာအာရုံနှင့် ဖြစ်ပေါ်သဖြင့် လောကီဝိပဿနာ၊ ပုဗ္ဗဘာဂမဂ္ဂဘာဝနာ။

မေး။ အနိစ္စလို့မြင်တော့ လောဘတည်းဟူသော ကာမသုခလွတ် ကာနဲ့ယောဂအဘို့ တရားတပါးပေါ်မှုရရဲ့လား။
ဖြေ။ မရပါဘုရား။
မေး။ အနိစ္စလို့မြင်တော့ ဒေါသ, ဝိဘဝဒိဋ္ဌိ တည်းဟူသော အတ္တကိလမထာနုယောဂအဘို့ တရားတပါးကော ပေါ်မှု ရရဲ့လား။
ဖြေ။ မရပါဘုရား။
မေး။ အဘို့တရား နှစ်ပါးတို့မှ မစင်ကြယ်ဘူးလား။
ဖြေ။ စင်ကြယ်ပါတယ်ဘုရား။

ဝိပဿနာ တရားတော်။

မေး။ အဘိုတရား နှစ်ပါးတို့၏အလယ်မှာ မဖြစ်ဘူးလား။

ဖြေ။ ဖြစ်ပါတယ်ဘုရား။

အဘိုတရား နှစ်ပါးတို့၏ အလယ်မှာဖြစ်လို့ မဇ္ဈိမာ။

မေး။ သံသရာဝဋ်မှ ကျွတ်လို လွတ်လို ထွက်မြောက် လိုသော ပုဂ္ဂိုလ်တို့သည် အနိစ္စ မရှုလျှင် ကျွတ်မလား။

ဖြေ။ မကျွတ်ပါဘုရား။

မေး။ အနိစ္စလို့ မရှုလျှင် လွတ်မလား။

ဖြေ။ မလွတ်ပါဘုရား။

သံသရာဝဋ်မှ ကျွတ်လို လွတ်လို ထွက်မြောက်လိုသော ပုဂ္ဂိုလ်တို့သည် အနိစ္စလို့ ရှုသောအားဖြင့် ကျင့်ကြံအပ်သောကြောင့် "ပဋိပဒါ" မဇ္ဈိမာပဋိပဒါ။

မေး။ အနိစ္စလို့ ရှုတိုင်း ရှုတိုင်း ဤသမ္မာဒိဋ္ဌိမဂ္ဂင်္ဂဝဝနာ မဇ္ဈိမာပဋိပဒါ အကျင့်ကို ကျင့်ကြံ အားထုတ်နေတာ မဟုတ်ဘူးလား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

(ကြွင်းသောမဂ္ဂင်တို့ကိုလည်း၊ ၎င်းနည်းအတိုင်းသိပါ။)

သမ္မာသက်ပွ ဖြစ်လာပုံ။

မေး။ အနိစ္စမြင်ခိုက် ဒုက္ခနိစ္စ မကြံစည်ဘူးလား။

ဖြေ။ ကြံစည်ပါတယ်ဘုရား။

ကြံသမ္မာသက်ပွ။

သမ္မာဝါစာ ဖြစ်လာပုံ။

မေး။ အနိစ္စမြင်ခိုက် ဝစီဒုစရိုက် လွန်ကျူးမှုရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ နှုတ်မစင်ကြယ်ဘူးလား။
ဖြေ။ စင်ကြယ်ပါတယ်ဘုရား။

နှုတ်စင် သမ္မာဝါစာ။

သမ္မာကမ္မန္တ ဖြစ်လာပုံ။

မေး။ အနိစ္စမြင်ခိုက် ကာယဒုစရိုက် လုံခြုံမှုရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ ကိုယ်မစင်ကြယ်ဘူးလား။
ဖြေ။ စင်ကြယ်ပါတယ်ဘုရား။

ကိုယ်စင် သမ္မာကမ္မန္တ။

သမ္မာအာဇီဝ ဖြစ်လာပုံ။

မေး။ အနိစ္စမြင်ခိုက် အသက်မွေးမှု အခြောင်းခြောင့် ကာယဒုစရိုက် ဝစီဒုစရိုက် လုံခြုံမှု ရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ အသက်မွေး မစင်ကြယ်ဘူးလား။
ဖြေ။ စင်ကြယ်ပါတယ်ဘုရား။

အသက်မွေးစင် သမ္မာအာဇီဝ။

သမ္မာဝါယာမ ဖြစ်လာပုံ။

မေး။ အနိစ္စလို့ အားမထုတ်ဘူးလား။
ဖြေ။ အားထုတ်ပါတယ်ဘုရား။

အားထုတ် သမ္မာဝါယာမ။

ဝိဖဿနာ တရားတော်။

သမ္မာသတိ ဖြစ်လာပုံ။

မေး။ အနိစ္စလို့ မတွေးဘူးလား။

ဖြေ။ တွေးပါတယ်ဘုရား။

တွေး သမ္မာသတိ။

သမ္မာသမာဓိ ဖြစ်လာပုံ။

မေး။ အနိစ္စမှာ စိတ်မရောက်ဘူးလား။

ဖြေ။ စိတ်ရောက်ပါတယ်ဘုရား။

စိတ်ရောက်တည် သမ္မာသမာဓိ။

မဇ္ဈိမာ ပဋိပဒါ အကျင့် ဖြစ်လာပုံ။

မေး။ အနိစ္စကို မြင်ခိုက် နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ အလို မဂ္ဂင်ရှစ်ပါး၊ အဋ္ဌသာလိနီ အဋ္ဌကထာအလို မဂ္ဂင်ငါးပါး၊ ဤမဂ္ဂင်ရှစ်ပါး မဂ္ဂင်ငါးပါး၊ မဇ္ဈိမာ ပဋိပဒါ အကျင့်ကို ကျင့်ကြံနေတာ မဟုတ်ဘူးလား။

ဖြေ။ ဟုတ်ပါတယ်ဘုရား။

အနိစ္စဉာဏ်၏ ကိလေသဝဋ်ကိုပယ်ပုံ နှင့် ဝိပလ္လာသမှ ကင်းပုံ။

မေး။ သံသရာ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက်က အဝိဇ္ဇာသည် နာမ်ရုပ် အနိစ္စလို့ သိသလား။

ဖြေ။ မသိပါဘုရား။

မေး။ နာမ်ရုပ်အနိစ္စကို လူ့နတ် နိစ္စလို့ မသိဘူးလား။

ဖြေ။ သိပါတယ်ဘုရား။

မေး။ တကျော်သည် နာမ် ရုပ် အနိစ္စကို လူ့နတ် နိစ္စလို့ မလိုချင်ဘူးလား။

ဖြေ။ လိုချင်ပါတယ်ဘုရား။

မေး။ ဥပါဒါန်သည် နာမ်ရုပ် အနိစ္စကို လူ့နတ် နိစ္စလို့ ပြင်းစွာစဲလန်း၍ မယူဘူးလား။

ဖြေ။ ယူပါတယ်ဘုရား။

မေး။ နာမ် ရုပ် အနိစ္စလို့ သိမြင်တဲ့ ဝိပဿနာဉာဏ်သည် လူ့နတ် နိစ္စလို့သိတဲ့၊ လိုချင်တဲ့၊ ပြင်းပြစဲလန်း၍ယူတဲ့ ကိလေသာ ဝဋ်တွေ မပယ်ဘူးလား။

ဖြေ။ ပယ်ပါတယ်ဘုရား။

မေး။ အနိစ္စတရားကိုရလို့ အနိစ္စကိုမြင်ဘန်မျှားလျှင် နိစ္စအမြင် ဖြစ်ပေါ်မှုရမလား။

ဖြေ။ မရပါဘုရား။

မေး။ နိစ္စအမှတ် ဖြစ်ပေါ်မှုရမလား။

ဖြေ။ မရပါဘုရား။

မေး။ နိစ္စအသိ ဖြစ်ပေါ်မှုရမလား။

ဖြေ။ မရပါဘုရား။

မေး။ အနိစ္စတရားကို နိစ္စလို့ မြင်တဲ့အမြင်ဟာ မှန်ကန်တဲ့အမြင်လား၊ ချွတ်လဲဖေါက်ပြန် မမှန်ကန်တဲ့ အမြင်လား။

ဖြေ။ ချွတ်လဲဖေါက်ပြန် မမှန်ကန်တဲ့ အမြင်ပါဘုရား။

အနိစ္စတရားကို နိစ္စလို့မြင်တဲ့အမြင်, ချွတ်လဲဖေါက်ပြန် မမှန်ကန်တဲ့အမြင် ဒိဋ္ဌိဝိပလ္လာသ။

အနိစ္စတရားကို နိစ္စလို့ မှတ်တဲ့ အမှတ်, ချွတ်လဲ ဖေါက်ပြန် မမှန်မကန်တဲ့အမှတ် သညာဝိပလ္လာသ။ အနိစ္စ တရားကို နိစ္စ

လို့ သိတဲ့အသိ, ချွတ်လွဲဖေါက်ပြန် မမှန်မကန်တဲ့အသိ, စိတ္တ ဝိပလ္လာသ။

မေး။ ထိုဝိပလ္လာသ သုံးပါးတို့ကိုပယ်ပြီး အနိစ္စလို့ မမြင်ဘူး လား။

ဖြေ။ မြင်ပါတယ်ဘုရား။

ဝိပလ္လာသတို့ကိုပယ်၍ အနိစ္စကို မြင်တဲ့အမြင် ပဟာနပရိညာ။

နာမ်ရုပ်တို့၏ ဒုက္ခ ဖြစ်ပုံ။

မေး။ အနိစ္စ ဖြစ်သော နာမ်တရားတို့သည် ဖြစ်ခိုက် ဇာတိ ဖြစ် ခြင်းဘေးနဲ့ မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ရင့်ခိုက် ဇရာ ရင့်ခြင်းဘေးနှင့် မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ပျက်ခိုက်မရဏ ပျက်ခြင်းဘေးနှင့် မတွေ့ဘူးလား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ဖြစ်ခြင်း,ရင့်ခြင်း,ပျက်ခြင်းတို့၏ မပြတ် ညှဉ်းပန်းခြင်းကို မခံရဘူးလား။

ဖြေ။ ခံရပါတယ်ဘုရား။

မေး။ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း, ဘေးသုံးပါးနှင့် စပ်သော နာမ်ရုပ်တို့သည် လောကဌိုကြသော အနာရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ဒါးဘေး၊ လှံဘေး၊ သေနတ်ဘေး၊ ဘေးအပေါင်း ဒဏ်အပေါင်းတို့နှင့် မတွေ့ဘူး လား။

ဖြေ။ တွေ့ပါတယ်ဘုရား။

မေး။ ဘေးအပေါင်း, ဒဏ်အပေါင်းတို့နှင့် တွဲလျှင် သက်သာမလား။

ဖြေ။ မသက်သာပါဘုရား။

မေး။ မသက်သာလျှင် သုခလား၊ ဒုက္ခလား။

ဖြေ။ ဒုက္ခပါဘုရား။

မေး။ ဒါးဘေး, လှံဘေး, စသည်တို့က လွတ်သော်လည်း၊ ဖြစ်ခြင်း, ရှင်ခြင်း, ပျက်ခြင်း ဘေးသုံးပါးတို့က လွတ်ပါ့မလား။

ဖြေ။ မလွတ်ပါဘုရား။

မေး။ နာမ်ရုပ်တို့သည် ဖြစ်ခြင်း, ရှင်ခြင်း, ပျက်ခြင်း ဘေးတို့၏ မပြတ် ညှဉ်းပန်းခြင်းကိုခံရလျှင် သက်သာမလား။

ဖြေ။ မသက်သာပါဘုရား။

မေး။ မသက်သာလျှင် သုခလား၊ ဒုက္ခလား။

ဖြေ။ ဒုက္ခပါဘုရား။

မေး။ ဒုက္ခရှိလျှင် ဒုက္ခလို့ မမြင်ဘူးလား။

ဖြေ။ မြင်ပါတယ်ဘုရား။

ဒုက္ခလို့မြင် တီရဏပရိညာ။

ဒုက္ခဉာဏ်၏ ကိလေသာဝင်္ကပ်ပယ်ပုံနှင့် ဝိပဿနာသမ္ပ ကွယ်ပုံ။

မေး။ ဒုက္ခကိုရှုလို့ ဒုက္ခလို့မြင်လျှင် နာမ်ရုပ်ဒုက္ခကို လူ,နတ် ချမ်းသာလို့ သိတဲ့အဝိဇ္ဇာ၊ လူ,နတ်ချမ်းသာလို့ လိုချင်တဲ့ တဏှာ၊ လူ, နတ် ချမ်းသာလို့ ပြင်းစွဲစွဲလန်း၍ ယူတဲ့ ဥပါဒါန်ကိလေသဝင်္ကပ် ပေါ်မှုရမလား။

ဖြေ။ မရပါဘုရား။

ဝိပဿနာ တရားတော်။

မေး။ ဝိပဿနာဉာဏ်သည် ကိုးလေသင့်ကို မပယ်ဘူးလား။

ဖြေ။ ပယ်ပါတယ်ဘုရား။

မေး။ နာမ်ရုပ်ဒုက္ခကို နာမ်ရုပ် ဒုက္ခလို့ ရှုလို့ နာမ်ရုပ်ဒုက္ခလို့ မြင်ဘန်မျှားလျှင် လူ,နတ်သုခလို့ မြင်တဲ့အမြင်၊ လူ,နတ်သုခလို့ မှတ်တဲ့ အမှတ်၊ လူ,နတ်သုခလို့ သိတဲ့ အသိ ဝိပလ္လာသသုံးပါး ဖြစ်ပေါ်မှုရမလား။

ဖြေ။ မရပါဘုရား။

မေး။ ဝိပလ္လာသတွေကို မပယ်ဘူးလား။

ဖြေ။ ပယ်ပါတယ်ဘုရား။

မေး။ ဝိပလ္လာသတွေကိုပယ်ပြီး ဒုက္ခလို့ ပိုင်းခြားမမြင်ဘူးလား။

ဖြေ။ မြင်ပါတယ်ဘုရား။

ဝိပလ္လာသ တွေကိုပယ်ပြီး ဒုက္ခလို့ ပိုင်းခြားမြင်၊ ပဟာန်ပရိညာ။

နာမ်ရုပ်တို့၏ အနတ္တ ဖြစ်ပုံ။

မေး။ ဒုက္ခဖြစ်နေသော နာမ်ရုပ်တရားတို့ကို ဒုက္ခမဖြစ်ရအောင် ဖြစ်ခိုက်တားထား၊ ဌီအခိုက်သို့မရောက်စေနဲ့ ရသလား။

ဖြေ။ မရပါဘုရား။

မေး။ ဌီအခိုက်သို့ ရောက်မသွားဘူးလား။

ဖြေ။ ရောက်သွားပါတယ်ဘုရား။

မေး။ ဌီအခိုက်သို့ရောက်လာတဲ့ နာမ်ရုပ်တို့ကို ဌီအခိုက်၌ရင့်ရော်မသွားစေနဲ့ ရသလား။

ဖြေ။ မရပါဘုရား။

မေး။ ရင့်ရော်တဲ့နာမ်ရုပ်တရားတို့ကိုပျက်မသွားစေနဲ့ရသလား။

ဖြေ။ မရပါဘုရား။

မေး။ မိမိအလိုသို့ လိုက်သလား။

ဖြေ။ မလိုက်ပါဘုရား။

မေး။ စိုးပိုင်တဲ့တရားလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ အစိုးမရ၊ အလိုမလိုက်တဲ့တရားမှတ္ထ ဆင်တာလား, အနတ္တ လား။

ဖြေ။ အနတ္တပါဘုရား။

မေး။ အနတ္တရှုတော့ အနတ္တမမြင်ဘူးလား။

ဖြေ။ မြင်ပါတယ်ဘုရား။

အနတ္တမြင် တီးဇကပရိညာ။

အနတ္တဉာဏ်၏ ကိလေသဝင်္ဂပယ်ပုံနှင့် ဝိပလ္လာသမှ ကင်ပုံ။

မေး။ အနတ္တမြင်တိုင်း ငါပိုင်တယ်, ငါအလိုလိုက်တယ်, ငါ့ဥစ္စာ လို့သိတဲ့ အဝိဇ္ဇာ, လိုချင်တဲ့ တဏှာ၊ ပြင်းစွဲစွဲလန်းချွယ်တဲ့ဥပါဒါန် ကိလေသဝင်္ဂ ပေါ်မှုရမလား,,

ဖြေ။ မရပါဘုရား။

မေး။ အနတ္တ ဝိပဿနာဉာဏ်သည် ကိလေသာဝင်္ဂကို မပယ်ဘူးလား။

ဖြေ။ ပယ်ပါတယ်ဘုရား။

မေး။ အနတ္တကို မြင်ဘန်မျှားလျှင် အတ္တအမြင်, အတ္တအမှတ်, အတ္တအသိ ဝိပလ္လာသ သုံးပါးပေါ်မှု ရမလဲ့ား။

ဖြေ။ မရပါဘုရား။

မေး။ ဝိပလ္လာသတွေ့ မပယ်ဘူးလား။
ဖြေ။ ပယ်ပါတယ်ဘုရား။
မေး။ ဝိပလ္လာသတွေ့ကိုပယ်ပြီး အနတ္တလို့ ပိုင်းခြား မမြင်ဘူး လား။
ဖြေ။ မြင်ပါတယ်ဘုရား။
ဝိပလ္လာသ တွေ့ကိုပယ်ပြီး အနတ္တလို့ ပိုင်းခြားမြင်၊ ပဟာန ပရိညာ။

နိဗ္ဗာန်၏ နိစ္စ, သုခ စသည်ဖြစ်ပုံနှင့် ထောက်ဆမြင် သန္ဓိပဒဥာဏ်။

ယခု ဖြစ်ပေါ်တဲ့ နာမ်ရုပ် အနိစ္စ, ဒုက္ခ, အနတ္တ။
မေး။ အတိတ်က နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ အနာဂတ် နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ အစ္ဆတ္တ နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ ဗဟိဒ္ဓ နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ ကာမလောက နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ ရူပလောက နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။
မေး။ အရူပလောက နာမ်ရုပ်တွေကော။
ဖြေ။ အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား။

မေး။ လောကသုံးရပ်၌ နိစ္စ,သုခ,အတ္တ တရားရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ အနိစ္စတရားကို ရှုဘန်မျှားလျှင် အနိစ္စတရား၌ မငြိုးငွေ့ဘူးလား။
ဖြေ။ ငြိုးငွေ့ပါတယ်ဘုရား။
မေး။ အနိစ္စတရား၌ ငြိုးငွေ့လျှင် အနိစ္စမှ လွတ်မြောက်သော တရားကို မရှာမှီးဘူးလား။
ဖြေ။ ရှာမှီးပါတယ်ဘုရား။
မေး။ ဒုက္ခတရားကို ရှုဘန်မျှားလျှင် ဒုက္ခတရား၌ မငြိုးငွေ့ဘူးလား။
ဖြေ။ ငြိုးငွေ့ပါတယ်ဘုရား။
မေး။ ဒုက္ခတရား၌ ငြိုးငွေ့လျှင် ဒုက္ခမှလွတ်မြောက်သောတရားကို မရှာမှီးဘူးလား။
ဖြေ။ ရှာမှီးပါတယ်ဘုရား။
မေး။ လောက၌ အပူရှိလျှင် အဓေမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ အပူကိုလွန်၍ အဓေမရာညဉ်ဘူးလား။
ဖြေ။ တည်ပါတယ်ဘုရား။
မေး။ အပူနှင့် အဓေရောသလား။
ဖြေ။ မရောပါဘုရား။
မေး။ အမှောင်ရှိလျှင် အလင်းမရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ အမှောင်ကိုလွန်၍ အလင်းမတည်ဘူးလား။
ဖြေ။ တည်ပါတယ်ဘုရား။

ဝိပဿနာ တရားတော်။

မေး။ အမျှောင်နှင့် အလင်း ရောသလား။
ဖြေ။ မရောပါဘုရား။
မေး။ ထို့အတူ ဖြစ်,ရင့်,ပျက်, အနိစ္စတရားရှိလျှင် မဖြစ်,မရင့်, မပျက်, နစ္စတရားကော မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။

ဖြစ်တဲ့တရား သခ်ၤတ တရား။
မဖြစ်တဲ့တရား နိဗ္ဗာန်တရား။
ရင့်တဲ့တရား သခ်ၤတ တရား။
မရင့်တဲ့တရား နိဗ္ဗာန်တရား။
ပျက်တဲ့တရား သခ်ၤတ တရား။
မပျက်တဲ့တရား နိဗ္ဗာန်တရား။

မေး။ ဖြစ်,ရင့်,ပျက် သခ်ၤတ တရားတွေနိစ္စလား၊ အနိစ္စလား။
ဖြေ။ အနိစ္စပါဘုရား။
မေး။ မဖြစ်, မရင့်, မပျက် နိဗ္ဗာန်တရားကော နိစ္စလား၊ အနိစ္စလား။
ဖြေ။ နိစ္စပါဘုရား။
မေး။ ဖြစ်,ရင့်,ပျက်, သခ်ၤတ တရားတွေ သုခလား၊ ဒုက္ခလား။
ဖြေ။ ဒုက္ခပါဘုရား။
မေး။ မဖြစ်, မရင့်, မပျက် နိဗ္ဗာန်တရားကော သုခလား၊ ဒုက္ခလား။
ဖြေ။ သုခပါဘုရား။
မေး။ ဖြစ်,ရင့်,ပျက် သခ်ၤတ တရားတွေမှာ သတ္တဝါ အသက်ပါသလား။
ဖြေ။ မပါပါဘုရား။

မေး။ သတ္တဝါ့အသက်မပါလျှင် အတ္တလား၊ အနတ္တလား။
ဖြေ။ အနတ္တပါဘုရား။
မေး။ မဖြစ်,မရှင်,မပျက် နိဗ္ဗာန်တရားမှာကော သတ္တဝါ့အသက်ပါသလား။
ဖြေ။ မပါပါဘုရား။
မေး။ သတ္တဝါ့ အသက်မပါလျှင် အတ္တလား၊အနတ္တလား။
ဖြေ။ အနတ္တပါဘုရား။
မေး။ ဖြစ်တဲ့လောကီ နာမ်ရုပ် တရားတွေကို ဖြစ်ခြင်းဘေး နှိပ်စက်ဘာ ရှုဘန်မျှားလျှင် ဖြစ်တဲ့ နာမ်ရုပ် တရားတွေဟာ မငြိုးငွေ့ဘူးလား။
ဖြေ။ ငြိုးငွေ့ပါတယ်ဘုရား။
မေး။ ငြိုးငွေ့တော့ ပဖြစ်တဲ့တရားကို မဆောက်ဆဘူးလား။
ဖြေ။ ဆောက်ဆပါဘယ်ဘုရား။

ဒီနေရာမှာ မဖြစ်ကဲ့တရား ဆိုဘာဖြင့် မဖြစ်ကို ဖြစ်ပေါ်မှုမရှိ၊ အဓိပ္ပါယ်ယူပြီး ဖြစ်ပေါ်မှုမှမရှိဘဲ ဘာမျှမရှိဘူးလို့ မယူဆအပ်ဘူး၊ ရှင်းဦးအုံ။
မေး။ အပ္ပနှင့်အဇ သဘောတူသလား။
ဖြေ။ မတူပါဘုရား။
မေး။ အပ္ပနှင့်အဇ ရောသလား။
ဖြေ။ မရောပါဘုရား။
မေး။ အပ္ပထဲမှာ အဇ ရှိသလား။
ဖြေ။ မရှိပါဘုရား။
မေး။ အပ္ပတဘက်၌ အဇ မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဖြစ်, ရင့်, ပျက် သင်္ခတ တရားနှင့် မဖြစ်, မရင့်, မပျက်, နိဗ္ဗာန်တရားသဘော တူသလား။

ဖြေ။ မတူပါဘုရား။

မေး။ ဖြစ်, ရင့်, ပျက် သင်္ခတ တရားနှင့် မဖြစ်, မရင့်, မပျက် နိဗ္ဗာန်တရား ရောမလား။

ဖြေ။ မရောပါဘုရား။

မေး။ ဖြစ်,ရင့်,ပျက် သင်္ခတ နာမ်ရုပ်ထဲမှာ မဖြစ်, မရင့်, မပျက် နိဗ္ဗာန်တရားရှိသလော်။

ဖြေ။ မရှိပါဘုရား။

မေး။ ဖြစ်,ရင့်,ပျက် သင်္ခတ တဘက်၌ မဖြစ်,မရင့်,မပျက် နိဗ္ဗာန် တရား မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ဒါဖြင့် သင်္ခတ၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော် မူတော့ သင်္ခတ တဘက်၌ နိဗ္ဗာန်ပရမတ် ထင်ရှားမရှိဘူး လား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ သင်္ခတ၌ ကဿပ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူတုံး က သင်္ခတ တဘက်၌ နိဗ္ဗာန်ပရမတ် ထင်ရှားမရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ ကမ္ဘာတသိန်းထက် သင်္ခတ၌ ပဒုမုတ္တိုရ ဘုရားပွင့်တော် မူတုံးက သင်္ခတ တဘက်မှာ နိဗ္ဗာန် ပရမတ် ထင်ရှားမရှိ ဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ လေးသခေါ်နှင့် ကမ္ဘာ တသိန်းထက် သခ်ာတ္ဍ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူတုံးက သခ်ာ တဘက်မှာ နိဗ္ဗာန်ပရမတ် ထင်ရှား မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ သခ်ာတ္ဍ ဂင်္ဂါဝါဋ္ဌ သဲစုမက ဘုရားကိုယ်တော်မြတ်တို့ ပွင့်တော်မူတုံးက သခ်ာ တဘက်မှာ နိဗ္ဗာန်ပရမတ် ထင်ရှား မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ နိဗ္ဗာန် ပရမတ် အဘယ်အခါမှစ၍ ရှိသည်ဟု အစ အပိုင်း အခြား ရှိရဲ့လား။

ဖြေ။ မရှိပါဘုရား။

မေး။ ဖြစ်ခြင်း အစ အပိုင်းအခြားကိုလွန်ပြီး အမြဲထင်ရှား မရှိဘူးလား။

ဖြေ။ ရှိပါတယ်ဘုရား။

မေး။ နိဗ္ဗာန်ပရမတ်သည် ထင်ရှားရှိတဲ့တရားလား၊ ထင်ရှားမရှိတဲ့ တရားလား။

ဖြေ။ ထင်ရှားရှိတဲ့ တရားပါဘုရား။

မေး။ အရှိမေတ္တာယျ မြတ်စွာဘုရား သခ်ာတ္ဍ ထင်ရှားပွင့်တော့ သခ်ာတတာဘက်၌ နိဗ္ဗာန် ပရမတ် ထင်ရှား ရှိသေးသလား။

ဖြေ။ ရှိတာပါဘဲဘုရား။

မေး။ နောက် အဆူဆူသော ဘုရားရှင်တို့သည် သခ်ာတ္ဍ ပွင့်ကြသော သခ်ာတ တဘက်၌ နိဗ္ဗာန် ပရမတ် ထင်ရှားရှိသေး သလား။

ဖြေ။ ရှိတာပါဘဲဘုရား။

မေး။ အဘယ်အခါ၌ နိဗ္ဗာန် ပရမတ်သည် ကုန်ဆုံး လေပြီဟု အဆုံးအပိုင်းအခြား ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ အမြဲထင်ရှားရှိသော နိဗ္ဗာန် ပရမတ်သည် ရင့်ရော်သေး သလား။

ဖြေ။ မရင့်ရော်ပါဘုရား။

မေး။ ဟောင်းနွမ်းသေးသလား။

ဖြေ။ မဟောင်းနွမ်းပါဘုရား။

မေး။ အသစ်စက်စက် အမြဲမရှိဘူးလား။

ဖြေ။ အသစ်စက်စက် အမြဲရှိပါတယ်ဘုရား။

မေး။ ဖြစ်ခြင်း အပိုင်းအခြားကိုလွန်၍ အသစ်စက်စက် အမြဲရှိသော နိဗ္ဗာန် ပရမတ်သည် ဖြစ်ပေါ်ခြင်း သဘော ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ နှို့ ဘာရှိသလဲ။

ဖြေ။ မဖြစ်ပေါ်ခြင်းသဘော ရှိပါတယ်ဘုရား။

မေး။ ရင့်ရော်ခြင်းသဘော ရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ နှို့ ဘာရှိသလဲ။

ဖြေ။ မရင့်ရော်ခြင်းသဘော ရှိပါတယ်ဘုရား။

မေး။ ပျက်ခြင်း အပိုင်းအခြားကိုလွန်၍ အသစ်စက်စက် အမြဲရှိသော နိဗ္ဗာန်ပရမတ်သည် ပျက်ခြင်းသဘောရှိသလား။

ဖြေ။ မရှိပါဘုရား။

မေး။ နို့ ဘာရှိသလဲ။
ဖြေ။ မပျက်ခြင်းသဘော ရှိပါတယ်ဘုရား။
(မဖြစ်,မရင့်,မပျက် အမြဲရှိ နိဗ္ဗာန်တရားသည် သူ့သဘောကို က မဖြစ်တဲ့သဘော၊ မရင့်တဲ့သဘော၊ မပျက်တဲ့ သဘော ဟု မှတ်ပါ။)
မေး။ သခ်ၤတ နာမ်ရုပ် တရားတို့သည် ဖြစ်ခိုက်ထင်ရှား မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ရင့်ခိုက် ထင်ရှား မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ပျက်ခိုက် ထင်ရှား မရှိဘူးလား။
ဖြေ။ ရှိပါတယ်ဘုရား။
မေး။ ပျက်သည်၏ အခြားမဲ့၌ ရှိသေးသလား။
ဖြေ။ မရှိတော့ပါဘုရား။
မေး။ ဖြစ်မှုမရှိမီကကော ရှိသလား။
ဖြေ။ မရှိပါဘုရား။
(ဖြစ်ခဏ,ရင့်ခဏ, ပျက်ခဏ,ခဏသုံးခု, အခိုက်သုံးခိုက် ခေတ္တ ရှိ အမြဲမရှိ မမြဲသောအားဖြင့်ရှိ၏။ သခ်ၤတ တရားသည် သူ့သဘောကိုက ဖြစ်တဲ့သဘော, ရင့်တဲ့သဘော, ပျက်တဲ့သဘောပဟု မှတ်။)
မေး။ သည်တော့ လောကီ နာမ်ရုပ်တရားတွေလို ဖြစ်ခြင်းဟား မနှိပ်စက်ဘူးလား။
ဖြေ။ နှိပ်စက်ပါတယ်ဘုရား။

မေး။ လောကီ နာမ်ရုပ်တရားတွေကို ဖြစ်ခြင်းဘေး နှိပ်စက်တာ ရှုဘန်မျှားလျှင် ဖြစ်တဲ့ နာမ်ရုပ် တရားတွေဟာ မငြီးငွေ့ဘူးလား။

ဖြေ။ ငြီးငွေ့ပါတယ်ဘုရား။

မေး။ ဖြစ်တဲ့ တရားဟာ ငြီးငွေ့တော့ မဖြစ်တဲ့ နိဗ္ဗာန်တရားကို မထောက်ဆဘူးလား။

ဖြေ။ ထောက်ဆပါတယ်ဘုရား။
ထောက်ဆမြင် သန္ဋိပဒဉာဏ်။

မေး။ လောကီ နာမ်ရုပ် တရားတွေကို ရင့်ခြင်းဘေးနှိပ်စက်တာ ရှုဘန်မျှားတော့ ရင့်တဲ့ နာမ်ရုပ် တရားတွေကို မစက်ဆုပ်ဘူးလား။

ဖြေ။ စက်ဆုပ်ပါတယ်ဘုရား။

မေး။ စက်ဆုပ်တော့ မရင့်တဲ့ နိဗ္ဗာန်တရားကို မထောက်ဆ ဘူးလား။

ဖြေ။ ထောက်ဆပါတယ်ဘုရား။
ထောက်ဆမြင် သန္ဋိပဒဉာဏ်။

မေး။ လောကီ နာမ်ရုပ်တွေကို ပျက်ခြင်းဘေးနှိပ်စက်တာ ရှုဘန်မျှားတော့ ပျက်တဲ့ နာမ်ရုပ်တရားကို မကြောက်မရွံ့ ဘူးလား။

ဖြေ။ ကြောက်ရွံ့ပါတယ်ဘုရား။

မေး။ ကြောက်ရွံ့တော့ မပျက်တဲ့ နိဗ္ဗာန်တရားကို မထောက်ဆ ဘူးလား။

ဖြေ။ ထောက်ဆပါတယ်ဘုရား။
ထောက်ဆမြင် သန္ဋိပဒဉာဏ်၊ လောကီဥာဏ်။

သစ္စာလေးပါးကိုမြင်၍ မင်္ဂဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ။

(က) အားထုတ်ဘန်များ ရှုဘန်များ၏ အကြောင်းအခါကောင်းမြင့်, ထင်ထင်လင်းလင်း မြင်ခြင်းဖြင့် မျက်မှောက်ပြုမှုကို စွ။

(ခ) ဒုက္ခသစ္စာတရားကို ပိုင်းခြား၍ သိခြင်းကိစ္စ။

(ဂ) သမုဒယ သစ္စာတရားကို ပယ်ဆဲလည်းဖြစ်၍ ထိုပယ်ဆဲ သမုဒယသစ္စာတရားကို မတွေ့မဝေ အာသမွောဟ ကိစ္စဖြင့် သိဆဲကိစ္စ။

(ဃ) နိဗ္ဗာန်ကိုမြင်ဆဲဖြစ်သော မင်္ဂကိုလည်း ဘာဝနာပွားဆဲဖြင့် မတွေ့မဝေ အာသမွောဟ ကိစ္စဖြင့် သိဆဲကိစ္စတို့ကို ပြီးစေလျက် သစ္စာလေးချက်ကို တပြိုင်နက် ထိုးထွင်းသိ၍ ဖြစ်ပေါ်လာ၏။ ထိုလောကုတ္တရာမင်္ဂဉာဏ်မြင်နှင့်အတူ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း အာရုံပြုကြ၍ ကြံ, နှုတ်စင်, ကိုယ်စင်, အသက်မွေးစင်, အားထုတ်, တွေး, တည်, မဂ္ဂင်တရားတို့သည်လည်း ဖြစ်ပေါ်၍ လာကြကုန်၏။ ထိုမင်္ဂသည် ပဌမ သောတာပတ္တိမင်္ဂ၊ ထိုနောက် နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်နှစ်ကြိမ် သုံးကြိမ် ဖြစ်၍ချုပ်၏။ ထိုနောက် ဘဝင်စေ့စေးကာ ဇောတို့ဖြစ်၍ ချုပ်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် သောတာပန်ပုဂ္ဂိုလ်မည်၏။ ထိုနောက် အားထုတ်ဘန်များ၏ ဒုတိယအကြိမ်၌ နိဗ္ဗာန်ကို ကောင်းမြင် သကဒါဂါမိမင်္ဂ၊ ထိုနောက် နိဗ္ဗာန်အာရုံပြု၍ ဖိုလ်နှစ်ကြိမ် သုံးကြိမ်၊ အားထုတ်ဘန်များ၏ တတိယအကြိမ်၌ နိဗ္ဗာန်ကို ကောင်းမြင် အနာဂါမိမင်္ဂ၊ ထိုနောက် ဖိုလ်နှစ်ကြိမ်သုံးကြိမ်၊ စတုတ္ထ အကြိမ်၌ နိဗ္ဗာန်ကို ကောင်းမြင် အရဟတ္တမင်္ဂ၊ ထိုနောက် ဖိုလ်နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။

မေး။ မင်္ဂ, လေးတန်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ရောက်လို ရဟန္တာ ဖြစ်တော့ ကိလေသင်္ခေတ္ထချုပ်ကုန်ငြိမ်းမသွားဘူးလား။

ဖြေ။ ချုပ်ကုန်ငြိမ်း သွားပါတယ်ဘုရား။

မေး။ ကျန်သေးသလား။

ဖြေ။ မကျန်တော့ပါဘုရား။

မေး။ ဒါဖြင့် ရဟန္တာခန္ဓာ၌ ကိလေသင်္ခေ ရှိသေးသလား။

ဖြေ။ ကိလေသင်္ခေ မရှိတော့ပါဘုရား။

မေး။ မရှိတဲ့တရားသည် ရှိတဲ့တရားလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ဒါဖြင့် ကိလေသာင်္ခေ၏ မရှိမှုသည် နိဗ္ဗာန်၏ရှိမှုလား။

ဖြေ။ မဟုတ်ပါဘုရား။

မေး။ ကိလေသင်္ခေ၏ ကုန်မှု,ငြိမ်းမှု,ချုပ်မှု, မရှိမှုသည် နိဗ္ဗာန်ရှိမှု မဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ။ ကိလေသင်္ခေ၏ ကုန်မှု, ငြိမ်းမှု, ချုပ်မှု, မရှိမှုသည် ဘာမျှ မရှိသော အဘာဝပါဘုရား။

အကျယ်ကိုလိုလျှင် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၊ ၎င်းအဋ္ဌကထာ၏ မူလ အနု၊ မဓုဋ္ဌကာတို့၌ ယူပါ။လဲ။

မေး။ ကိလေသင်္ခေ ချုပ်တော့၊ ငြိမ်းတော့၊ ကမ္မဝင်္ခေ ချုပ်ငြိမ်း မသွားဘူးလား။

ဖြေ။ ချုပ်ငြိမ်းသွားပါတယ်ဘုရား။

မေး။ ကမ္မဝင်္ခေငြိမ်းတော့ ပရိနိဗ္ဗာန်ပြုသည်ဟု ခေါ်ဆိုအပ်သော စုတိ၏အခြားမဲ့၌ ဝိညာဏ် နာမ်ရုပ် သင်္ခါယတန၊ ဖဿ၊ ဝေဒနာ၊ ဝိပါကဝင်္ခေတွေပေါ်မှု ရှိသေးသလား။

ဖြေ။ မရှိတော့ပါဘုရား။

မေး။ မငြိမ်းဘူးလား။
ဖြေ။ ငြိမ်းပါတယ်ဘုရား။
မေး။ သခ်ၤတမှာ ငြိမ်းသလား၊ အသခ်ၤတမှာ ငြိမ်းသလား။
ဖြေ။ သခ်ၤဘမှာ ငြိမ်းပါတယ်ဘုရား။
မေး။ မဂ်လေးတန်ဖြင့် နိဗ္ဗာန်ကို မမြင်လျှင် ငြိမ်းမလား။
ဖြေ။ မငြိမ်းပါဘုရား။
မေး။ မဂ်လေးတန်ဖြင့် နိဗ္ဗာန်ကိုမြင်တော့ မငြိမ်းဘူးလား။
ဖြေ။ ငြိမ်းပါတယ်ဘုရား။
မေး။ နိဗ္ဗာန်သည် ကိလေသ, ကမ္မ, ဝိပါကဝဋ်သုံးပါး တို့၏ ငြိမ်းကြောင်း တရား မမှန်ဘူးလား။
ဖြေ။ မှန်ပါတယ်ဘုရား။

သန္တိလက္ခဏံ နိဗ္ဗာနံ၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည် သန္တိလက္ခဏံ၊ ငြိမ်းကြောင်း ဟူသော မှတ်ခကြောင်း လက္ခဏာရှိ၏။

မေး။ သခ်ၤတက ကမ္မဘဝပေါင်း ဘယ်လောက်ပျက်ပျက် နာမ်ရုပ်တွေ ဘယ်လောက်ပျက်ပျက် သခ်ၤတ တဘက်၌ ရှိသော နိဗ္ဗာန် ပရမတ်သည် မိမိ၏သဘောမှ ရွေ့လျောသလား။
ဖြေ။ မရွေ့လျောပါဘုရား။

"အစ္စုတိရသံနိဗ္ဗာနံ" နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အစ္စုတိရသံ၊ မရွေ့လျောခြင်းနှင့် ပြည့်စုံ၏။

ယခုဟောပြအပ်သော နည်းအတိုင်း အားထုတ်ကြ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြစေ ကုန်သတည်း။

ဝိပဿနာတရားတော်ပြီး၏။

အရှင် ဥဒိုးတိက္ခိန္ဒြိယ ရှေးက ရေးသား
တော်မူခဲ့သော အောက်အဓမ္မညှဉ်ပါ
ကျမ်းများကို ရနိုင်ပါကြောင်း။

ကျပ်၊ ပြား။

၁။ ဘာဝနာကြွမ ဒီပနီကျမ်းနှင့် ဝိဝဋ္ဋနိဿိတ
ကုသလ ဝိနိစ္ဆယကျမ်း .... ၂ - ၁၀

၂။ ပရမတ္ထဝိဒိ နယဒဿနကျမ်းနှင့် ပစ္စယပရိဂ္ဂ
ဟဒီနယဂ္ဂါဟကျမ်း .... ၁ - ၁၀

၃။ နိဗ္ဗာနစက္ခုကျမ်း .... ၂ - ၁၀

၄။ တိကွဥပနိဿ ဝိပဿနာလမ်းမှန်၊ ဓါတ်ရှစ်
ပါးရှုဘွယ်နှင့် ဓါတုကမ္မဋ္ဌာဝိပဿနာရှုဘွယ်ကျမ်း ၂ - ၁၀

၅။ သမုပ္ပါဒနိရောဓဂကျမ်း ပထမတွဲ နှင့်
ဒုတိယတွဲ ရိုက်ဆဲ တစုံ ....၁၅ - ၀

စာအုပ် - ရနိုင်သောဌာန၊

ဦးတိက္ခိန္ဒြိယ ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၊
အမှတ် ၄၆၊ အင်းနှစ်လမ်း - ရန်ကုန်မြို့၊

ကာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၆၂
ထုတ်ဝေသူ။ ။ဦးရွှေလှ၊
ကင်းလွတ်ခွင့် အမှတ် (၀၁၀၂၁)၊
အမှတ် ၁၇၉၊ ၅၁-လမ်း၊ ရန်ကုန်မြို့
ပုံနှိပ်သူ။ ။ဦးကျော့မောင
မှတ်ပုံတင် အမှတ် (၀၂၀၄၄)၊
ပြည်သူ့မိတ်ဆွေစာပုံနှိပ်တိုက်၊
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။